မန္တလေးနေ့စဉ်


The Mandalay Daily

၁၉၉၇ ခုနှစ်၊ ဇွန်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၃၃၀)၊ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၃-၁၁-၂၀၂၆၊ အင်္ဂါနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရုစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)



အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု" အရှိန်ကြောင့် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိဝင်ဘာ ၂

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"အခြေအနေ

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု" သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၇၂၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏

စာမျက်နှာ ၄ သို့ ○

ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြား

နေပြည်တော် နိဝင်ဘာ ၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပစဉ်။

သက်တမ်းလွန် CNG ဆလင်ဒါအိုးများအား အသစ်လဲလှယ်တပ်ဆင်ခြင်းမရှိသည့် CNG ယာဉ်များကို သဘာဝဓာတ်ငွေ့ဝယ်ယူခွင့် ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ ၂ ရက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန်ရည်ရွယ်၍ CNGယာဉ်များ အတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို ၁-ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

စာမျက်နှာ ၄ သို့ ※

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိဝင်ဘာ ၂

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာန်းပြည့် ဖြစ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာန်း ၈၀ ဖြစ်ပါသည်။

မိုး/၈လ

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ မြန်မာ့ရိုးရာပွဲဈေးအကြောင်း စာနယ်ဇင်းရှင်းလင်း



ရန်ကုန် နိဝင်ဘာ ၂

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာပွဲဈေး ကျင်းပရခြင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ကမာရွတ်မြို့နယ်ရှိ စိမ်းလန်းစိုပြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာပွဲဈေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရိုးရာ အစားအစာများဖြစ်သည့် ဆန်ကောက်ညှင်း၊ပဲ၊ပြောင်းစသည့်စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံထုတ်လုပ်ထားသည့် ကျန်းမာရေးနှင့် ညီညွတ်ပြီး သဘာဝအလျောက်ထွက်ရှိသည့်

စာမျက်နှာ ၄ သို့ ❖

အိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းခြင်း ရွှေ့လျားကာလတို သင်တန်းဖွင့်လှစ်

ကျောက်ဆည် နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် သံရွာကျေးရွာ၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟို ကော်မတီ၏ လမ်းညွှန်မှုဖြင့် မန္တလေးတိုင်းဒေသကြီးလူငယ်ရေးရာကော်မတီနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)တို့ ပူးပေါင်း ကျင်းပသည့် အိမ်တွင်းလျှပ်စစ်ဝါယာသွယ်တန်းခြင်းရွှေ့လျားကာလတိုသင်တန်းကို ယနေ့နံနက်ပိုင်းက သင်တန်းသား ၆၀ ဦးဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစစ်နိုင်က လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ခွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားကြရန်၊ သင်တန်းမှပို့ချပေးသော ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ယူသွားကြရန်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် လူငယ်များ ဖြစ်စေရေး ကြိုးစားကြရန် အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က အိမ်တွင်း လျှပ်စစ်ဝါယာသွယ်တန်းခြင်း ရွှေ့လျားကာလတိုသင်တန်းဖွင့်လှစ်ရန် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံလူငယ်ရေးရာဗဟို ကော်မတီအတွင်းရေးမှူး၊ လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က သင်တန်းသုံးပစ္စည်းများအားကြည့်ရှုခဲ့ပြီး သင်တန်းသားများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

o-o-o-o-o



အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၂

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို မဟာအောင်မြေမြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အဖွဲ့ဝင်များ၊ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးညွန့်ဝင်းအောင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အရန် မီးသတ်ဒုတပ်ရင်းမှူးများ၊ အရန်မီးသတ်တပ်ခွဲမှူးများ၊ ဒုတပ်ခွဲမှူးများ၊ အရန်မီးသတ်တပ်စုမှူးများ၊ သင်တန်းနည်းပြများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ ဦး၊ စုစုပေါင်းအင်အား ၈၅ ဦး တက်ရောက်ခဲ့ကြောင်းသိရပြီး သင်တန်းကာလကို နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဇော်မင်း

o-o-o-o-o

သောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေးဟောပြော

ညောင်ဦး နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညှိဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ် လျော့နည်းမှုနှင့် သောက်သုံးရေသန့်ရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ညောင်ဦးမြို့နယ်ပြန်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက အယ်လ်နီညှိဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့်အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များနှင့် ဖြစ်ပေါ်လာပါက တွဲပြန်ရမည့် အချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာ၌ အယ်လ်နီညှိဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ရေရှားမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

(၄၄၅)

ရေတံခွန်တောင်ဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

မန္တလေး နိုဝင်ဘာ ၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၃ နာရီခွဲက ဦးမြင့်အောင်သည် ဦးဇော်မိုင်၊ ဦးရိန်ဆန်ဇော်နှင့် ဦးနော်နော်တို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ကိုက် ၁၅၀ ကွာဝေးသော ကျင်းအမှတ်(၈)သို့ ဂေါက်သီးအမျိုးအစား Hybridge No.1 အား ဂေါက်တံအမျိုးအစား HONMA WOOD-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

တစ်ချက်တည်းကျင်းဝင်အောင် ရိုက်နိုင်ခဲ့သော ဦးမြင့်အောင်အား Myanmar Casual Wear ကုမ္ပဏီက လက်ဆောင်နှင့် ဝမ်းသာမြန်မာကုမ္ပဏီက Cash Coupon ငွေကျပ် ၁၀ သိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)

o-o-o-o-o

မိတ်ဆွေပေါများခြင်း၏ အကျိုးကျေးဇူး

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့။

လောကတွင် လူသားတို့သည် မိတ်ဆွေကောင်းဟူသော ကလျာဏမိတ္တကို ရွေးချယ်ပေါင်းသင်း ဆက်ဆံသင့်သည်။ မိတ်ဆွေကောင်းပေါများခြင်းသည် အေးမြလှသော သစ်ပင်ရိပ်တွင် ခိုလှုံရခြင်း၊ ညနေခင်း ဆည်းဆာရိပ်တွင် နားနေခြင်း၊ အေးမြသော ရေချိုးစင်တွင် သောက်သုံးခွင့်ရခြင်း ဟူသော အကျိုးတရားများကို ရရှိစေနိုင်မည်ဟူ၍ ဆိုးရိုးစကားရှိခဲ့သည်။ လူသားတို့သည် အချယ်သုံးပါးလုံးတွင် မိတ်ဆွေပေါများခြင်း အထူးသဖြင့် မိတ်ဆွေကောင်းပေါများခြင်းသည် အရေးကြီးလှသည်။ ပထမအရွယ် လူငယ်ဘဝတွင် မိတ်ဆွေကောင်းပေါများခြင်းကြောင့် ဘဝရည်မှန်းချက်နှင့်အသိပညာ၊အတတ်ပညာများ ပြည့်စုံစေရမည်ဖြစ်သည်။ ထို့နည်းတူ ဒုတိယအရွယ် လူလတ်ပိုင်းတွင်လည်း မိတ်ဆွေများအနက်မှ မိတ်ဆွေကောင်းများကိုပေါင်းဖက်ခြင်းဖြင့် စီးပွားရေး၊ လူမှုရေးကိစ္စများမှသည် စာရိတ္တမတည်ငိုင်ကို ခိုင်မြဲစေနိုင်မည်ဖြစ်သည်။ ထို့နည်းအတူ တတိယအရွယ် ဖြစ်သော ဘဝနေဝင်သည့် အချိန်တွင်လည်း မိတ်ဆွေကောင်းပေါများမှုကြောင့် လောကီနှင့် လောကုတ္တရာနှစ်ဖြာသော အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်သည်။

ထို့အပြင် လူမှုပေါင်းသင်း ဆက်ဆံရေးနယ်ပယ်တွင် မိတ်ဆွေကောင်းပေါများခြင်းကြောင့် ဘဝ၏အကျိုးကျေးဇူးများ ရရှိခံစားခဲ့ရသော သာဓကအထောက်အထားများစွာရှိသည်ကို လေ့လာသိရှိနိုင်ပါသည်။ မြန်မာဖတ်စာစာအုပ်မှ မိတ်ဆွေသုံးဦးဖြစ်သော ခေါက်ရာဂုက်၊ သမင်နှင့် လိပ်တို့၏ တစ်ဦးနှင့် တစ်ဦးမိတ်ဆွေကောင်းပီသစွာ ပေါင်းသင်းဆက်ဆံအကျိုးပြုမှုကြောင့် မုဆိုး၏ ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ရကြောင်း သင်ရိုးစာပုံပြင်သည် ပထမအရွယ်စာသင်သား ကျောင်းသား၊ ကျောင်းသူများအား မိတ်ဆွေကောင်းပေါများခြင်း၏ အကျိုးအဖြစ် သင်ရိုးစာကို ဖော်ညွှန်းထားသည်။

မိတ်ဆွေကောင်းဟူသည် အဓက်အခဲများ၊ ဘဝပြဿနာများ၊ အရေးကိစ္စများဖြစ်ပေါ်တွေကြုံ ရင်ဆိုင်လာသည့်အချိန်တွင် မိမိဘက်မှရပ်တည် ကူညီဖေးမ၍ ကောင်းရာကောင်းကျိုးကို လမ်းညွှန် ပြောပြကာ အားပေးဆောင်ရွက်တတ်သူဖြစ်သည်။

လောကနီတိကျမ်းများတွင် မိတ်ဆွေကောင်းတို့၏ ဂုဏ်ရည်များအဖြစ် မကောင်းသော အကျင့်တို့မှ တားမြစ်ခြင်း၊ ကောင်းသော အကျိုးကျေးဇူးတို့ကို တိုက်တွန်းခြင်း၊ မလိုလားအပ်သော ကိစ္စများကို လုံခြုံစွာလျှို့ဝှက်ပေးခြင်း၊ တစ်ပါးသူ၏ ဂုဏ်ကျေးဇူးကို အခါအားလျော်စွာ ဖော်ထုတ်ပြောဆိုတတ်ခြင်း၊ အဓက်အခဲရှိ ရေနှိမ့်တွင် စွန့်ခွာရှောင်တိမ်းခြင်းမရှိဘဲ ရက်ရောစွာ ပေးကမ်းထောက်ပံ့ကူညီခြင်း ဟူသော ဂုဏ်ကျေးဇူးများနှင့် ပြည့်စုံနေသူဖြစ်သည်။ လူမှုဆက်ဆံရေး နယ်ပယ်တွင် မိတ်ဆွေပေါများခြင်းသည် အကျိုးများသော်လည်း မိတ်ဆွေစစ်နှင့်မိတ်ဆွေဆိုးကို ခွဲခြားသိမြင်ပေါင်းသင်းဆက်ဆံတတ်ရန်အရေးကြီးလှပါသည်။

လောကနီတိတွင် မျက်ကွယ်၌ ကျေးဇူးကို ချေဖျက်တတ်၍ မျက်မှောက်၌ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်သော မိတ်ဆွေမျိုးသည် အဆိပ်တို့၌ ကျရောက်သော ပျားရည်ကဲ့သို့ ဖြစ်သည်ဟူ၍ ဆုံးမထားသည်။

သို့ဖြစ်ရာ "မကောင်းမှုကိုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား" ဟူသောဆောင်ပုဒ်နှင့်အညီ မိမိကိုယ်တိုင်လည်း စိတ်ကောင်းထား၍ မိတ်ဆွေကောင်းများကိုသာ ရှာဖွေပေါင်းသင်းခြင်းဖြင့် မိတ်ဆွေပေါများခြင်း၏ အကျိုးကျေးဇူးကို ရရှိခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေဖွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မိဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးနိုင်ရေး၊ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေး၊ လမ်းအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနိုင်ရေး၊ မျိုးဆက်သစ်လူငယ်များအား ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး၊ ပုဂ္ဂလိကပိုင်ကျောင်းများ ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ရေး၊ ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်းကိုးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ စဉ်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား ပလိပ်မြို့အဖြစ် မြို့အဆင့် တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက စဉ်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုအား မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခွင့်ရရှိနိုင်ရေးတွက် မြို့အင်္ဂါရပ်နှင့် ပြည့်စုံရမည့်အချက် ၂၁ ချက်အနက် ၁၆ ချက်သာပြည့်စုံပြီး ကလေးများအပန်းဖြေရန် ဥယျာဉ်/ ကစားကွင်း၊ တိုးတက်လာမည့်လူဦးရေအတွက် မြို့ဧရိယာတိုးချဲ့မည့်အစီအမံ၊ အမှိုက်စွန့်ရန်မြေနေရာ၊ မိလ္လာစွန့်ရန် မြောင်းတူးမည့်မြေနေရာ၊ သုသာန်မြေနေရာစသည့် အချက်ငါးချက်မှာ ကိုက်ညီမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ပလိပ်မြို့အဖြစ် တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လောပိတ မြို့၌ ရဲစခန်းရုံးနှင့် ဝန်ထမ်းများနေထိုင်ရန် အိမ်ရာအဆောက်အအုံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ၂၀၂၁ ခုနှစ် မတ်လတွင် KNDF/ PDF အကြမ်းဖက်သောင်းကျန်းသူများက လောပိတနယ်မြေရဲစခန်းကို သာလွန်အင်အားများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှုကြောင့် ရုံး/နေအိမ်အဆောက်အအုံများအားလုံး ပျက်စီးခဲ့ပါကြောင်း၊ ရုံး/နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သောကြောင့် လူနေထိုင်၍မရရှိတော့သဖြင့် တပ်ဖွဲ့ဝင်နှင့် မိသားစုများသည် ၂၃-၅-၂၀၂၁ ရက်နေ့မှစတင်၍ ခြေလျင်တပ်ရင်း(လောပိတမြို့)နှင့် လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတို့တွင် တွဲဖက်နေထိုင်၍ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လောပိတနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လက်ရှိနယ်မြေအခြေအနေအရ ခြေလျင်တပ်ရင်းတွင်အခြေပြုပြီး တပ်မတော်နှင့်အတူပူးပေါင်း၍ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေရဆဲဖြစ်သဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိပါက အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးခြင်းခံရသော လောပိတနယ်မြေရဲစခန်းကို ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ နယ်မြေရဲစခန်းရုံးအဆောက်အအုံ တစ်လုံးနှင့် ၄ ခန်းတွဲ ၂ ထပ် သံကူကွန်ကရစ် အဆောက်အအုံတစ်လုံးတို့အား နီးစပ်ရာဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားတောင်းခံ၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ်နှင့် နတ်သံကွင်းမြို့ ယာယီနေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ကျောက်ကြီး- နတ်သံကွင်း- ပဲန္နယ်ကုန်းလမ်းအား အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကျောက်ကြီး-နတ်သံကွင်း ကားလမ်းတစ်လျှောက်တွင် KNU/ PDF အကြမ်းဖက်အဖွဲ့များက တပ်မတော်/လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း၊ အများပြည်သူများသွားလာအသုံးပြုသည့် မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် လတ်တလောတွင် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းအား အသုံးပြု၍ မရနိုင်သေးပါကြောင်း၊ ကျောက်ကြီးမြို့နယ်တွင် ပြောင်းရွှေ့/ ရောက်ရှိ/ ထွက်ခွာမည့်ဝန်ထမ်းများ၊ တက္ကသိုလ်များသို့ ပညာသင်ကြားရန်သွားရောက်မည့် ကျောင်းသားကျောင်းသူများ၊ ကျန်းမာရေးအရ ဆေးဝါးကုသမှုခံယူမည့်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက သက်ဆိုင်ရာနယ်ခြေခံတပ်နယ်သို့ ခရီးသွားရောက်မည့်အခြေအနေကို သတင်းပို့တင်ပြကာ တပ်မတော်ယာဉ်တန်းဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း။

ကျောက်ကြီးမြို့နယ် ကျောက်ကြီး-နတ်သံကွင်း ကားလမ်းမကြီး၏ ဝဲ/ယာတွင်ရှိသော အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလူဝပ်ရှားနေသည့် ကျေးရွာများသို့ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီးမြို့နှင့် နတ်သံကွင်းမြို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် အကြမ်းဖက်သောင်းကျန်းသူများ မြို့ပိန်ထားသည့်မိုင်းများကို တပ်မတော်မှ ရှင်းလင်းဆောင်ရွက်လျက်ရှိပါသောကြောင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသည့်အချိန်မှသာ သွားလာနေထိုင်နိုင်မည်ဖြစ်ပါကြောင်း။

ယာယီနေရပ်စွန့်ခွာပြည်သူများအား စိစစ်၍ ပြန်လည်နေရာချထားခြင်းနှင့်စပ်လျဉ်း၍ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့်အတူ အကြမ်းဖက်သမားများ ရောနှောဝင်ရောက်လာမှုမရှိစေရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျစိစစ်ပြီး အိမ်ထောင်စုအလိုက် ပြန်လည်နေရာချထားနိုင်ရန် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သော ကျေးရွာများ၏ တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာမှပုံပိုးကူညီခြင်းများ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများ အချိန်မီရရှိနိုင်ရေး သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် နတ်သံကွင်းမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက ရံဖန်ရံခါ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း။ Drop Bomb များ FPV drone များဖြင့် တိုက်ခိုက်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသဖြင့် လတ်တလောတွင် လုံခြုံရေးအခြေအနေအရ ဒေသခံပြည်သူများ ပြန်လည်နေထိုင်ရန် မသင့်လျော်သေးပါကြောင်း။ လုံခြုံရေးအခြေအနေများ ကောင်းမွန်သည့်အချိန်မှသာ ယာယီနေရပ်စွန့်ခွာပြည်သူများကို ပြန်လည်နေရာချထားခြင်း၊ တိုက်ပွဲဖြစ်ပွားခဲ့သောကျေးရွာများ၏ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **မျိုးဆက်သစ်များ၏ ကျောင်းပညာရေးတွင် ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများ သင်ကြားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလွိင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ထူးချွန်ထက်မြက်သော လူတော်လူကောင်းများ ဖြစ်လာစေရန်ရည်မှန်း၍ ယဉ်ကျေးမှုဆိုင်ရာ ပြည်သူ့နိတိ၊ ဒီမိုကရေစီသဘောသဘာဝ၊ဥပဒေဆိုင်ရာသင်ခန်းစာများ၊ ယဉ်ကျေးမှုဘဝနေနည်းဆိုင်ရာ အသိပညာစာပေများစသည်တို့ကို ကျောင်းသား ကျောင်းသူများအား သင်ကြားပေးရုံသာမက မျိုးဆက်သစ်များအား လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိသည့် ဆရာဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်များတွင် တက်ရောက်လျက်ရှိသည့် ဆရာ ဆရာမ လောင်းလျှာများကိုလည်း ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) သင်တန်းများ ပို့ချသင်ကြားပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟားခါးမဲဆန္ဒနယ်မှ ဦးဗန်နီ၏ **ဥပဒေမဲ့ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအား အရေးယူရန်နှင့် တရားဝင်ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကပိုင်ကျောင်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စောင့်ကြည့်ကြပ်မတ်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလွိင်က ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ခွင့်ပြုခဲ့သည့် အမျိုးသားသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင် ပုဂ္ဂလိက ကျောင်းများတွင် သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂလိကကျောင်းဆရာများ၊ စီမံဝန်ထမ်းများ (အချိန်ပိုင်း အမြဲတမ်း)တို့အား DCS ပြုလုပ်ထားသည့် ဆရာ ဆရာမများ သင်ကြားမှုမရှိစေရေး သေချာစွာ စိစစ်ကြပ်မတ်ရန်၊ စာသင်ကြားခြင်းတွေ့ရှိပါက ကျောင်းများအား ပိတ်သိမ်းအရေးယူရန်နှင့် ပုဂ္ဂလိက ဆရာ ဆရာမများ၏ ကိုယ်ရေးအချက်အလက်များအား သေချာစွာစိစစ်ရေးကြီးကြပ်ဆောင်ရွက်သွားရန် ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။ ကိုယ်ရေးမှတ်တမ်းများတင်ပြရာတွင်လည်း ယခင်ပညာရေးဝန်ထမ်းအဖြစ်ဆောင်ရွက်ခဲ့ခြင်း ရှိ/ မရှိ၊ DCS ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ ဘွဲ့လက်မှတ် မိတ္တူများအား ကာယကံရှင်နှင့် သက်ဆိုင်ရာကျောင်းတည်ထောင်သူတို့က မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပြီး ကျောင်းအလိုက်စုစည်းကာ ကိုယ်ပိုင်သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့စေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေမဲ့ လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ အတန်းကျော်လွန်တက်ရောက်ခွင့်ပြုခြင်းဆောင်ရွက်ကြောင်း စိစစ်တွေ့ရှိရပါက ပုဂ္ဂလိကပညာရေးဥပဒေ ပုဒ်မ ၅၁ အရ စီမံခန့်ခွဲရေးနည်းလမ်းအတိုင်း ပြစ်ဒဏ်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **ဥပဒေပညာဘာသာရပ်ကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းများတွင် သင်ကြားနိုင်ရေး မည်သည့် နှစ်မှစတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလွိင်က အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအပါအဝင် သိသင့်သိထိုက်သည့် ဥပဒေတို့နှင့်စပ်လျဉ်း၍ ဥပဒေပညာအသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အခြေခံပညာအလယ်တန်းဆင့် Grade-8၊ Grade-9 တွင် စာရိတ္တနှင့်ပြည်သူ့နိတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11၊ Grade-12 တန်းများတွင် စာရိတ္တနှင့် ပြည်သူ့နိတိဘာသာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာနမှ ပြုစုထားသည့် ဥပဒေအသိပညာသင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် 66KV ခွဲရုံတည်ဆောက်ပေးရန် မည်သည့် ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားသည့် ၆၆ ကေဗွီ ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားရယူရှု ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖောမာ တစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မည် ဖြစ်ပါကြောင်း။ ၆၆ ကေဗွီ ကျောင်းကုန်း(လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ခွဲရုံမြေနေရာအား အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ဆဲဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက နီးစပ်ရာ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

သို့ဖြစ်ပါ၍ ဖိဒ် ကေဒို ကျောင်းကုန်း (လှည်းဆိပ်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ဂုံမင်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဒို ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဒို ထရန်စဖော်မာ ၁ လုံး တည်ဆောက်ခြင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **သာကေတမြို့နယ်အတွင်း 11KV Feeder Lines များ၊ 400 V Lines များနှင့် Transformer များကို အပိုင်းလိုက် အသစ်လဲခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာနှစ်နှင့် လာမည့် ဘဏ္ဍာနှစ်အတွင်း မည်သို့စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးအေးကျော်က သာကေတမြို့နယ်အတွင်းရှိ စက်မှုဇုန်အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစ၍ LNG ဓာတ်အားဖြင့်လည်း ဓာတ်အားဖြန့်ဖြူးပေးထား ပါသဖြင့် ယခင်နှစ်များထက် ဓာတ်အားပိုမိုဖြန့်ဖြူး ပေးနိုင်ခဲ့ပါကြောင်း၊ ယူနစ်ပျောက်ဆုံးမှုလျော့နည်း ကျဆင်းစေရေး၊ မီးသုံးစွဲသူများအနေဖြင့် သုံးစွဲသည့် ယူနစ်အား မိမိကိုယ်တိုင် ဖတ်ရှုမှတ်သားနိုင်ရေး အတွက် AMI စနစ်သို့ပြောင်းလဲပေးထားပြီး ကျန်မီတာ ၃၃၉၂၆ လုံးအား ယခုနှစ် အကုန်တွင် အပြီးသတ်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် 11KV Feeder Line များ၊ 400V Line များနှင့် ထရန်စဖော်မာများအား အပိုင်းလိုက် အသစ်လဲခြင်း (သို့မဟုတ်) အဆင့်မြှင့်တင် ခြင်းလုပ်ငန်းများကို လက်ရှိဘဏ္ဍာရေးနှစ်နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ဘတ်ဂျက်ခွင့်ပြုချက်ပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းလင်း၏ **မိုးနဲမြို့နယ် နောင်ဟီးကျေးရွာအုပ်စုရှိ လွယ်ဆိုင်၊ နမ့်ဆွန်နှင့် ပါဟာကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့နောင်ဟီးကျေးရွာအုပ်စုအတွင်းရှိ လွယ်ဆိုင်၊ နမ့်ဆွန်နှင့် ပါဟာကျေးရွာသုံးရွာ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ၁၁ ကေဒို ဓာတ်အားလိုင်း ၁၂ ဒသမ ၃၅ မိုင်၊ ၁၀၀ ကေဒို အေ ထရန်စဖော်မာ ၃ လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၄၇ မိုင် အား ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်းလျာထားသွားမည် ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ရွာစဉ်အလိုက် ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

✻ သက်တမ်းလွန်မှု

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)သည် သဘာဝဓာတ်ငွေ့ကို လေထုဖိအား၏အဆ ၂၀၀ ဖြင့် ဖိသိပ်၍ အိုးအတွင်းထည့်သွင်းထား သည့် ဖိအားအလွန်မြင့်သော ဓာတ်ငွေ့ဖြစ်သဖြင့် ပေါက်ကွဲမှုဖြစ်ပွားပါက ပတ်ဝန်းကျင်ရှိ အများပြည်သူအသက် အိုးအိမ်များ ထိခိုက်ပျက်စီးစေနိုင်ပါသည်။ ထို့ကြောင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနသည် CNG ယာဉ်များ၏ ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများ ဘေးကင်းလုံခြုံမှု (Safety) ရှိ/မရှိ နှစ်စဉ် နှစ်ပတ်လည်စစ်ဆေးခြင်းများ (Annual Inspection) ဆောင်ရွက်ပြီး စစ်ဆေးမှုအောင်မြင်သော ယာဉ်များကိုသာ CNG အသုံးပြုခွင့်စာအုပ်နှင့် ကတ်ထုတ်ပေး၍ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ (CNG)ကို ရောင်းချပေးလျက်ရှိပါသည်။



CNG ယာဉ်များတွင် တပ်ဆင်ထားသည့် ဆလင်ဒါအိုးနှင့် ဆက်စပ်ပစ္စည်းများကို နှစ်ပတ်လည်စစ်ဆေးခြင်း (Annual Inspection) ဆောင်ရွက်နေစဉ်။



CNG Retest Factory အလုပ်ရုံတွင် ဆလင်ဒါအိုးများ စစ်ဆေးနေစဉ်။

ထို့အပြင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနရှိ CNG Retest Factory အလုပ်ရုံတွင်လည်း ထုတ်လုပ်သည့်ခုနှစ်မှ သက်တမ်းငါးနှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ပထမအကြိမ် စစ်ဆေးမှုခံယူစေခြင်း၊ ၁၀ နှစ်ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို ဒုတိယအကြိမ် စစ်ဆေးမှုခံယူစေခြင်း၊ သက်တမ်း ၁၅ နှစ် ပြည့်ပြီးသော CNG ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်း လွန်ပယ်ဖျက်(Reject) အဖြစ် သတ်မှတ်ကာ အိုးအသစ်ပြောင်းလဲတပ်ဆင် အသုံးပြုစေခြင်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် CNG ယာဉ်များ အနေဖြင့် ယာဉ်တွင်တပ်ဆင်အသုံးပြုလျက်ရှိသော သက်တမ်း ၁၅ နှစ်ပြည့်ပြီး ဖြစ်သည့် CNG ဆလင်ဒါအိုးများအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မတိုင်မီ CNGဆလင်ဒါအိုးအသစ်လဲလှယ်တပ်ဆင်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနတွင် လာရောက်စစ်ဆေးမှုခံယူပြီး မှသာလျှင် သဘာဝဓာတ်ငွေ့ဝယ်ယူခွင့်အား ပြန်လည်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

❖ မြန်မာ့ယဉ်ကျေးမှုမှ

ဒေသထွက် စားသောက်ကုန်များ၊ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ ဖြစ်သည့် ယွန်းထည်၊ ကြိမ်ထည်၊ ရွှေချည်ငွေချည်ထိုး လုပ်ငန်းများနှင့် အနုသုခုမလက်ရာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ ယခုခေတ်လူငယ်များ အနေဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးစံပွဲတော်များကို တန်ဖိုးထားတတ်စေရန်၊ ပျောက်ပျက် မသွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် နိုင်ငံတကာကို မြန်မာ့ယဉ်ကျေးမှု အဆင့်အတန်းနှင့်ရိုးရာဓလေ့ကို ကုန်များကို သိရှိနိုင်စေရန်ရည်ရွယ်၍ ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

မြန်မာလူမျိုးတို့၏ နေ့စဉ်ဘဝနှင့် အစဉ်အလာများကို ပေါ်လွင်စေသည့် ရိုးရာယဉ်ကျေးမှုအမွေ အနှစ်များကို ခေတ်နှင့်အညီ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းသည့် အနေဖြင့် "မြန်မာ့ရိုးရာပွဲစေး"ကို နိဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် Inya Lake Hotel ၊ ရန်ကုန် ကွန်ဗင်းရှင်းစင်တာ (YCC)၌ နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ခင်းကျင်း ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာ အစားအစာများ၊ မြန်မာ့ရိုးရာအဝတ် အထည်များ၊ မြန်မာ့စာပေဖယ် ပြုလုပ်နည်းသရုပ်ပြပွဲများ၊ မြန်မာ့ အစားအစာနှင့် အာဟာရတန်ဖိုး စကားပုံင်များ၊ စမ်းရေဖြူဇောတိပွဲ နှင့် Project K အဖွဲ့ဖျော်ဖြေပွဲများ၊ တိုင်းရင်းသား ပဒေသာအကများ စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာပွဲစေးတွင် ဆိုင်ခန်း ပေါင်း ၁၅၅ ခန်းကို ဇုန်သုံးခုခွဲ၍ ဇုန်(A) ပွဲစေးတန်းတွင် အစား အသောက်များ၊ ဇုန်(B)စေးတန်း တွင် ဒေသအသီးသီး၏ စားသောက် ကုန်များ၊ ဇုန်(C)တွင် တိုင်းရင်း သားဒေသအသီးသီးမှ ထွက်ကုန် နှင့် လူသုံးကုန်အမျိုးမျိုးပါဝင်မည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)


❍ အားကောင်းသောမှ

မြောက်-အရှေ့မြောက်ဘက် ရေမိုင် ၉၀ ခန့်နှင့် မာချီလီပတ္တနမ်မြို့၏တောင်ဘက် ရေမိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း"မူရားစု"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားမည့်အခြေအနေ မရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၄.၄ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၀ ဒသမ ၉ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်ပို့ပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်နှုန်းခန့် ဖြစ်သည်။



၂-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မူရားစု(MURASU)" လမ်းကြောင်းပြမြေပုံ။

နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေကို နယ်လိုရိမ်မြို့နှင့် နာဇာပါမြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း"မူရားစု"၏အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မူရားစု"၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု နိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

○ စာမျက်နှာ ၂၄ မှ

အမျိုးသားလွတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အမျိုးသားလွတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွတ်တော် တတိယပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့် ရှိသည့် အမျိုးသားလွတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေး သို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ရခိုင်ပြည်နယ် အမျိုးသား လွတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဒေါက်တာ ခိုင်ဝိုင်ဆုဝ၏ **မြန်မာနိုင်ငံတစ်စိန်းတွင်ရှိသော ပြည်တွင်းယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို နိုင်ငံတော်အနေဖြင့် မည်သို့ကူညီဖြေရှင်းပေးရန် စီမံထားရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က ယာယီနေရပ်စွန့်ခွာအမျိုးသမီးများ ရွှေပြောင်းနေထိုင်ရသူများအတွက် လိုအပ်သော မိခင်နှင့်မျိုးဆက်ပွားဆိုင်ရာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို အခြားအမျိုးသမီးများနည်းတူ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ကျန်းမာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ်၌ National Sexual and Reproductive Health Policy တွင် ထည့်သွင်းထားသည်နှင့်အညီ ဆောင်ရွက်ပေးနေပါကြောင်း။

အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေကဏ္ဍတွင် သဘာဝဘေးအန္တရာယ်များ၊ ပဋိပက္ခများနှင့် အခြားအရေးပေါ် အခြေအနေများအတွင်း ထိခိုက်ခံစားလွယ်သည့် အမျိုးသမီးများအတွက် ဘေးကင်းလုံခြုံပြီး ပိုမိုကောင်းမွန်သော လူမှုဘဝရရှိနိုင်စေရေးနှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်အညီ လုပ်ငန်းအစီအစဉ်များအား ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကဏ္ဍ အနေဖြင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုမှ လျော့ကျကင်းဝေးစေရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်စဉ်များကို တုံ့ပြန်ရေးလုပ်ငန်းစဉ်များအပြင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ကျား၊ မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းစဉ်များ ထည့်သွင်းရေးဆွဲထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျား၊ မအခြေပြု အကြမ်းဖက်မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်ကြားနိုင်ရန် ယခင်ကလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်တွင် ၂၄ နာရီ Helpline တယ်လီဖုန်းနံပါတ် "၁၅၆၆" ဝန်ဆောင်မှုကို တည်ထောင်ထားရှိပြီး တိုင်ကြားလာမှုများကို Case Manager များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာဝန်ကြီးဌာနအောက်တွင် Helpline တယ်လီဖုန်းနံပါတ် "၁၅၄၄" ကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သဖြင့် "၁၅၄၄"သို့ တိုင်ကြားလာသည့်ဖြစ်ရပ်အပြင် "၁၅၆၆"သို့ တိုင်ကြားလာပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပို့လာသည့် ဖြစ်ရပ်များကို လက်ခံကာ ဥပဒေအရစီစစ်အရေးယူ ဆောင်ရွက်နိုင်ရေး Service Provider များဖြင့် ဖြေရှင်းအကူအညီပေးလျက်ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လိုအပ်ချက်ပေါ်မူတည်၍ ငွေကြေးထောက်ပံ့မှုအနေဖြင့် တရားရုံးဆိုင်ခရီးစရိတ်၊ ပြန်လည်ရပ်တည်ရန်စရိတ်၊ အမျိုးသမီးဦးဆောင် အိမ်ထောင်စုများအတွက် ထောက်ပံ့မှုစရိတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ထောက်ပံ့ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနမှ ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာဝန်ကြီးဌာနသည် အကြမ်းဖက်ခံရသူများအတွက် မိသားစု၊ ပတ်ဝန်းကျင်မှ လုံခြုံမှုမပေးနိုင်ပါက "အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ" (One Stop Women Support Center- OSWSC) ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လွိုင်ကော်၊ လားရှိုး၊ မုံရွာ စစ်တွေတို့တွင် ဖွင့်လှစ်ထားရှိပြီး နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရပြီး ယာယီလုံခြုံမှုလိုအပ်သည့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များကို လက်ခံစောင့်ရှောက်၍ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တရားရေးဆိုင်ရာချိတ်ဆက်မှုပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း စသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏ လိုအပ်ချက်ပေါ်မူတည်၍ ဘဝရပ်တည်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ စင်တာများအတွက် စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်ကို ရေးဆွဲထားရှိပြီး ယင်း Guideline နှင့်အညီ ဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် OSWSC များတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်း ယာယီနေရပ်စွန့်ခွာနေရသည့် အမျိုးသမီးများလုံခြုံရေးအတွက် ယာယီခိုလှုံရာနေရာများတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများကို လူမှုကွန်ရက်မှတစ်ဆင့် မက်လုံးပေးစည်းရုံး၍ ပြည်ပနိုင်ငံများသို့ လိမ်လည်ပို့ဆောင်နေမှုများအပေါ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အနေဖြင့် စုစမ်းဖော်ထုတ်ရရှိမှုများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခြင်း၊ လူကုန်ကူးမှုများ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်အရေးယူပြီး ထိရောက်သည့်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ပေးနေပါကြောင်း၊ ပြည်တွင်းယာယီနေရပ်စွန့်ခွာ အမျိုးသမီးများအပါအဝင် နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးများအားလုံး၏ ကျန်းမာရေး၊ လူမှုဘဝလုံခြုံရေးများကို ဘက်ပေါင်းစုံမှ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးမိုးမြင့်၏ **မဟာဓာတ်အားလိုင်း မရောက်ရှိသော သဘာဝဓာတ်ငွေ့ ထွက်ရှိပြီး သုံးစွဲခွင့်မရသော ပြည်သူများ လျှပ်စစ်ဓာတ်အားခသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြို့တံခွန်၊ ဘုတ်ပြင်းခရိုင်၊ ကော့သောင်းခရိုင်များသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီ ဒီဇယ်နှင့် ချောဆီ၊ အင်ဂျင်ပိုင်များကို ဖြန့်ဖြူးရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရောင်းချပေးပါက မည်ကဲ့သို့ ဖြန့်ဖြူးရောင်းချပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်ခရိုင်၌ စက်သုံးဆီအရောင်းဆိုင် (၁၉)ဆိုင်၊ မြိတ်ခရိုင်၌ (၁၅) ဆိုင်၊ ကော့သောင်းခရိုင်၌ (၇)ဆိုင်၊ စုစုပေါင်း စက်သုံးဆီအရောင်းဆိုင် (၄၁) ဆိုင်ရှိပါကြောင်း၊ စက်သုံးဆီအရောင်းဆိုင်များနှင့် အခြားကဏ္ဍ လုပ်ငန်းများအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် နယ်စပ်နှင့် ပင်လယ်ရေဝေးဒေသကိုမူ တင်သွင်းသည့် စက်သုံးဆီများကို ရောင်းချလျက်ရှိပါကြောင်း၊

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ပြင်ပရှိ ဒေသခံပြည်သူများ ဓာတ်အားခဈေးနှုန်းချိသာစွာ အသုံးပြုနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား အဆက်မပြတ်ရရှိနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သော ဓာတ်ဆီနှင့် ဒီဇယ်ဆီများအား ဌာနဆိုင်ရာအချင်းချင်းရောင်းဈေးနှုန်းဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလမှစ၍ လစဉ်ရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကဏ္ဍအလိုက် လိုအပ်သော စက်သုံးဆီများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တင်သွင်း ခွင့်ပြုထားပြီးဖြစ်ပါသဖြင့် ပုဂ္ဂလိကလျှပ်စစ်ဓာတ် အားပေးလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဒေသများ အလိုက် တင်သွင်းခွင့်ပြုထားသော ကုမ္ပဏီများထံမှ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ပါကြောင်း၊ ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့များတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရန်အတွက် လိုအပ်သော ပြည်တွင်းထုတ် ဒီဇယ်အားလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဝယ်ယူအသုံးပြုလိုပါက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် တင်ပြလျှောက်ထားသွားရန် ဖြစ်ပါကြောင်းနှင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး စီစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ မြို့နယ်စုပေါင်းရုံးအနီးရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြိတ်)တွင် သင်တန်းသားများ လက်ခံစောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော လုံခြုံရေးအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်)၏ ဝန်ထမ်းအင်အား ဖွဲ့စည်းပုံသည် ခွင့်ပြုအင်အား အရာထမ်း ၃ ဦး၊ အမှုထမ်း ၂၈ ဦး၊ စုစုပေါင်း ၃၁ ဦး ဖြစ်ပြီး ခန့်အပ်အင်အားသည် အရာထမ်း ၁ ဦး၊ အမှုထမ်း ၆ ဦး၊ စုစုပေါင်း ၇ ဦးဖြစ်သဖြင့် စခန်းဖွဲ့စည်းပုံ လုပ်အင်အား၏ ၂၅ ဒသမ ၈ ရာခိုင်နှုန်းသာ ဖြစ်ပါကြောင်း။

မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည် ထူထောင်ရေးစခန်း(မြိတ်)သို့ ၂၀၂၀ ပြည့်နှစ် စခန်း ဖွင့်ချိန်မှစ၍ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက် အရ ငွေစာရင်းဖွင့်လှစ် ရန်ပုံငွေလွှဲအပ်လုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စခန်းစီမံခန့်ခွဲရေး ဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင် ရေးစခန်း(မြိတ်)၌ သင်တန်းများ ဆောင်ရွက်နိုင်ချိန် တွင် လိုအပ်ချက်များ စိစစ်ပုံပိုးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ပံ့ပိုးကူညီပါက ပိုမိုဖြန့်ဆန့်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မြိတ်) အတွက် ဖြည့်ဆည်းမှုများအား လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ပူးပေါင်းပြီး မူးယစ်ဆေးဖြတ်ရန် အမှန်တကယ်လိုအပ်သော လူငယ်ဦးရေကို စစ်တမ်းကောက်ယူခြင်း၊ ဆေးဖြတ် စခန်းဖွင့်လှစ်နိုင်ရန်အတွက် ရေးဦးစွာ လက်ရှိ တည်ရှိနေသော အဆောက်အအုံတွင် လုံခြုံရေးဆိုင်ရာ သံပန်းများ တပ်ဆင်ခြင်း၊ အဆောက်အအုံပတ်ဝန်းကျင်တွင် လက်ရှိသံဆန်ခါတပ်တံတိုင်းအစား အုတ်တံတိုင်းတည်ဆောက်နိုင်ရေးအတွက် အသေးစိတ် တွက်ချက်ကာ နီးစပ်ရာ ဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ထည့်သွင်းတည်ဆောက် လျာထားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးအောင်တင်မြင့်၏ **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ကိုယ်ထူကိုယ်ထ အဆောက်အအုံမှာ ပျက်စီးယိုယွင်းနေပါသဖြင့် စံကိုက်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဧရာဝတီတိုင်း ဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၇) ရပ်ကွက်ရှိ ဘဲဂရက်ကျေးလက်ကျန်းမာရေးဌာနခွဲသည် တက္ကစီကြီးကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိပြီး (၂၀၂၄)ခုနှစ်ကတည်းက အလှူရှင် လှူဒါန်းခဲ့သော မြေနေရာပေါ်တွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဓနိန့်သွပ်မိုး၊ ဝါးဘိုး ဝါးတိုင်များဖြင့် ဆောက်လုပ်ထားသော အဆောက် အအုံဖြစ်ပါကြောင်း၊ အဆောက်အအုံသည် အိုဟောင်းပြီး ကြွံခိုင်မှုအားနည်းနေပြီဖြစ်ပါကြောင်း၊ အဆိုပါ မြေနေရာသည် ကွင်းအမှတ်(၁၇၅- B)၊ ဦးပိုင် အမှတ်(၁၂၀/၄၈) အလျား ပေ(၁၀၀)၊ အနံ ပေ (၁၀၀)၊ (၀ ဒသမ ၂၃)ဧကရှိ မြို့မြေအမျိုးအစားဖြစ်ပြီး ကျန်းမာရေးဌာန အမည်ပေါက် ပုံစံ(၁၀၅)/(၁၀၆) ရရှိပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုပါမြေနေရာပေါ်တွင် စံကိုက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖြစ် သည့် ဆေးခန်းအဆောက်အအုံ(၁)လုံး၊ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ရန် (၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်ကွန်းတိုက်နယ်၊ မြင်ကွန်းကျေးရွာအုပ်စုရှိ ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် မြင်ကွန်းကျေးရွာတွင် တိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်နှင့် ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် ဆောင်ရွက်ပေး မည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွန်းက မြင်ကွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုရှိပြီး ၎င်းအောက် တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ(၆)ခုဖြင့် ကျေးရွာ ၂၄ ရွာ လူဦးရေစုစုပေါင်း ၂၈၃၄၂ ဦးအား လက်ထောက်ကျန်းမာရေးမှူး ဦးဆောင်သော ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ လူနာများလွှဲပြောင်းပေးပို့ကုသရန် လိုအပ်ပါက မကွေးပြည်သူ့ဆေးရုံကြီးနှင့် ၂၈ မိုင်၊ သစ်ရာကောက် တိုက်နယ်ဆေးရုံနှင့် ၆၈ မိုင်ခန့် ကွာဝေးပါကြောင်း။

ပုံစံ(၁၀၅)/(၁၀၆) လျှောက်ထားဆဲဖြစ်သော မြင်ကွန်းတိုက်နယ်ဆေးရုံအတွက် လျာထားမြေနေရာသည် လုံလောက်သောအကျယ်အဝန်း(၄ ဧက) ရှိခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် တိုက်နယ် ဆေးရုံဖွင့်လှစ်ပါက ပတ်ဝန်းကျင်ကျေးရွာမှ လူနာများ လာရောက်ပြဿနာလွယ်ကူမည်ဖြစ်ပြီး အတွင်း လူနာများပါ ကုသပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြင်ကွန်းတိုက်နယ်ဆေးရုံ ချထားဆောင်ရွက်ပေးရေး နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၆ သို့ ○

❍ စာမျက်နှာ ၅ မှ

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စုရှိ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် ရှိ၊ မရှိ၊ နန်းလွဲကျေးရွာအုပ်စု မုံပြင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် ရှိ၊ မရှိနှင့် ကျောက်တောကျေးရွာအုပ်စုတွင် ဗန်းမက် အပါအဝင် ရွာ(၉)ရွာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခံယူရန်အတွက် ဗန်းမက်ကျေးလက် ကျန်းမာရေးဌာနခွဲအသစ် ခွင့်ပြုချထားတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဒေါက်တာတင်ထွန်းက ရပ်စောက်မြို့နယ် ရေဦးကျေးရွာတွင် အိမ်ခြေ ၂၀၆ အိမ်နှင့် လူဦးရေ ၈၄၈ ဦးရှိပြီး ရေဦးကျေးလက် ကျန်းမာရေးဌာနခွဲကို အင်တောတိုက်နယ် ကျန်းမာရေးဌာနအောက်တွင် ဖွဲ့စည်းထားပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေ ၁၄၁၈ နှင့် လူဦးရေ ၆၆၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲမှ ၁၅ မိုင် ကွာဝေးသော ရပ်စောက်ပြည်သူ့ဆေးရုံသို့ မော်တော်ကားဖြင့် ၄၅ မိနစ်ခန့်၊ ၆၁ မိုင်ကွာဝေးသော အင်တောတိုက်နယ်ဆေးရုံသို့ မော်တော်ကားဖြင့် (၃)နာရီခန့် သွားရပါကြောင်း၊ ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲ၏ မြေနေရာ ၃ ဒသမ ၃၄ ဧကအား မြေဓာရင်း ပုစ်(၁၀၅) မြေပိုင်ဆိုင်မှုရရှိပါက ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းဌာနအောက်တွင် ဗန်းမက်နှင့် မုံပြင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)များပါ ဖွင့်လှစ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်သူလူထု၏ **ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေကတင်သွင်းရာတွင် ပလတ်စတစ်ပစ္စည်းများ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များသည် တစ်ခါသုံးစနစ်ပစ္စည်းများဖြစ်ပြီး စွန့်ပစ်ပြီး သည့်နောက် နှစ်ပေါင်းများစွာ မပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်တွင် ကျန်ရှိနေပါကြောင်း၊ ပလတ်စတစ်အမှိုက်များကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံမှုများ ပတ်ဝန်းကျင်ကျေးရွာများမှ လာရောက်ရန် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ရှိသည့်အတွက် သတ်မှတ်မြေအကျယ်အဝန်း ပိုင်ဆိုင်မှုရှိပါက ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း။

ရေဦးကျေးလက်ကျန်းမာရေးဌာန၏ မြေနေရာ ၃ ဒသမ ၃၄ ဧကအား မြေဓာရင်း ပုစ်(၁၀၅) မြေပိုင်ဆိုင်မှုရရှိပါက ရေဦးကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယင်းဌာနအောက်တွင် ဗန်းမက်နှင့် မုံပြင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ(အသစ်)များပါ ဖွင့်လှစ်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်သူလူထု၏ **ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျှော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေကတင်သွင်းရာတွင် ပလတ်စတစ်ပစ္စည်းများ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များသည် တစ်ခါသုံးစနစ်ပစ္စည်းများဖြစ်ပြီး စွန့်ပစ်ပြီး သည့်နောက် နှစ်ပေါင်းများစွာ မပျက်စီးဘဲ သဘာဝပတ်ဝန်းကျင်တွင် ကျန်ရှိနေပါကြောင်း၊ ပလတ်စတစ်အမှိုက်များကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်စေခြင်း၊ ရောဂါပိုးမွှားများ အလွယ်တကူ ပေါက်ဖွားနိုင်ခြင်းတို့ကြောင့် မြေဆီလွှာနှင့် ရေထု၊ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေခြင်းအပြင် တိရစ္ဆာန်များ၏ အသက်အန္တရာယ်များကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ပင်လယ်သမုဒ္ဒရာထဲရှိ အမှိုက်များ၏ ၈၀ ရာခိုင်နှုန်းကျော်သည် ပလတ်စတစ်အမှိုက်များဖြစ်ပါကြောင်း။

အသုံးပြုပြီးသော စွန့်ပစ်ကြွပ်ကြွပ်အိတ်များသည် သဘာဝပတ်ဝန်းကျင်ကို ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်လျက်ရှိပါကြောင်း၊ ပလတ်စတစ်ပစ္စည်းထုတ်လုပ်သော စက်ရုံများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာသည် တစ်ကမ္ဘာလုံးတွင် ရှိကြသည့် သဘာဝပတ်ဝန်းကျင်ပညာရှင်များနှင့် အစိုးရများ ရင်ဆိုင်တွေ့ကြုံနေရသည့် အရေးကြီးပြဿနာတစ်ခုဖြစ်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှုများပြားလာသည်နှင့်အမျှ မြေထု၊ လေထု၊ ရေထုကို ညစ်ညမ်းစေပြီး ကမ္ဘာမြေဓါတ်ငေါဟစနစ်ကိုလည်း မတည်မငြိမ်ဖြစ်စေပါကြောင်း၊ ထို့ကြောင့် မြို့ရွာများသန့်ရှင်းလုပ်ရေး၊ ပြည်သူများ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးယူဆောင်ရွက်ရန် အချိန်တန်ငြိုဖြစ်ပါကြောင်း။

ပလတ်စတစ်ပစ္စည်းနှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုများကို လျှော့ချရန် အစားထိုးနည်းလမ်းများအဖြစ် အဝတ်အိတ်၊ စက္ကူအိတ်၊ ငှက်ပျောရွက်၊ ပေါက်ဖက်၊ အင်ဖက်စသည့် သဘာဝပစ္စည်းများ အစားထိုးအသုံးပြုနိုင်ပါကြောင်း။ ပြည်သူများ၏ကျန်းမာရေး၊ ရောဂါကာကွယ်ရေးအတွက် မူဝါဒများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

တစ်ခါသုံး ကြွပ်ကြွပ်အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် ကန့်သတ်လျှော့ချရန်၊ ဇီဝပျက်စီးနိုင်သော အစားထိုးထုတ်ကုန်များနှင့် ပြန်လည်အသုံးပြုနိုင်သော အိတ်များကိုသုံးစွဲရေး အားပေးမြှင့်တင်ရန်၊ ပလတ်စတစ်အမှိုက် စနစ်တကျ စီမံခန့်ခွဲရေးနှင့် ပြန်လည်အသုံးပြုရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများအကြား ပလတ်စတစ်လျှော့ချအသုံးပြုရေး အသိပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သက်ဆိုင်ရာဥပဒေနည်းဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နံဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိဝင်ဘာ ၂

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျင်းပ

အစည်းအဝေးကို မိုးစပါးနှင့် မိုးသီးနှံအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဓာတ်မြေဩဇာဖြန့်ဖြူးမှု သုံးစွဲမှုကို သုံးသပ်ရန်၊ ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးချိန်အမီ ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးနိုင်ရေး ကြိုတင်ပြင်ဆင်ရန်၊ ရည်ညွှန်းစွေးနှုန်း သတ်မှတ်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ သို့လည်း ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ဓာတ်မြေဩဇာ လိုအပ်ချက်စာရင်း တောင်းထားပြီး အသင်းအနေဖြင့် အချိန်မီ တင်သွင်းဖြန့်ဖြူးပေးနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်နှင့် အစီအမံတင်ပြရန် လိုပါကြောင်း၊ ယခုနှစ် မိုးစပါးနှင့် မိုးသီးနှံဓာတ်မြေဩဇာ အသုံးပြုမှုများကို စာရင်းဇယား အချက်အလက် မှန်ကန်အောင် စိစစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နေပြည်တော် ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီများအနေဖြင့် ဓာတ်မြေဩဇာအမှန်သုံးစွဲမှု၊ ဖြန့်ဖြူးမှုနှင့် သုံးစွဲမှုများကို စောင့်ကြည့်ရန်၊ လိုအပ်ချက် ဖြည့်ဆည်းပေးရန်၊ ကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် မိုးစပါး မိုးသီးနှံအတွက် ဓာတ်မြေဩဇာဖြန့်ဖြူးမှု နှိုင်းယှဉ်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဓာတ်မြေဩဇာဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်တင်သွင်းမည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြေကြား

ထို့ပြင် ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချည်မျှင်ရှည်ဝါကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ငဇဲ နိဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါ ၂၂၆၂ ဧကစိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့ထိ ၂၂၆၃ ဧက စိုက်ပျိုးပြီးစီးနေပြီး လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးဦးချည်မျှင်ရှည်ဝါ ဧက ၁၆၀ နှင့် မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၁၀၂ ဧက စုစုပေါင်း ၂၂၆၂ ဧကကို ကျေးရွာအုပ်စု ၁၅ အုပ်စုတွင် စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၆၃ ဧကစိုက်ပျိုးပြီးစီးပြီး ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ငဖမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝါသီးနှံတိုးချဲ့စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား ဝါမျိုးစေ့နှင့် သွင်းအားစုပစ္စည်းများကို ထောက်ပံ့ပေးအပ်ထားပြီး ဝါသီးနှံများပန်းတိုင်အထွက်ရနှိုင်းကောင်းမွန်ရေး၊ စိုက်နည်း စနစ်မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုး သတ်ဆေးများ စနစ်တကျသုံးစွဲရေးတို့ကို သက်ဆိုင်ရာကွင်းဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်၍ ဝါစိုက်ပျိုးနည်းပညာရပ်များကို သင်တန်းများပို့ချခြင်းနှင့် ကျေးရွာအရောက် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

မိုင်းယောင်းမြို့တွင် ဒေသထွက်ကျွဲကောသီးများ ရောင်းအားကောင်းလျက်ရှိ

မိုင်းယောင်း နိဝင်ဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့တွင် ဒေသထွက် ကျွဲကောသီးများ ရောင်းအားကောင်းလျက်ရှိပြီး အရောင်းအဝယ်သွက်နေသည်။လတ်ဆတ်ပြီး အရသာကောင်းမွန်သည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်သောကြောင့် ဒေသခံများနှင့် ခရီးသွားများအကြား ဝယ်လိုအား မြင့်တက်နေခြင်း ဖြစ်သည်။

ဒေသတွင်း သဘာဝအတိုင်း စိုက်ပျိုးထားသည့်အတွက် အချို့အရွယ်အရသာမျှတပြီး လတ်ဆတ်မှုရှိခြင်း၊ အိမ်သုံးအတွက် သာမက လက်ဆောင်ပေးရန်နှင့် အခြားမြို့များသို့ ပြန်လည်ရောင်းချရန်အတွက်ပါ အဝယ်လိုက်နေခြင်းကြောင့် ရောင်းအားကောင်းရခြင်းဖြစ်သည်။ ယခုကဲ့သို့ ရောင်းအားသွက်နေခြင်းကြောင့် ဒေသခံဥယျာဉ်ခြံစိုက်ပျိုးသူများနှင့် အရောင်းသမားများ မိသားစုဝင်၄၆ ပိုမိုတွက်ချေကိုက်လျက်ရှိကြောင်း သိရသည်။

မိုင်းယောင်းမြို့တွင် ကျွဲကောသီးများကို မှန်းလိုက်ကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာအုပ်စုတို့တွင် အဓိကထွက်ရှိပြီး လက်ရှိပေါက်ဈေးမှာ အလုံးအကြီးအသေးအလိုက် တစ်လုံးလျှင် ၄၄၀၀ မှ ၅၀၀၀ အထိ ရောင်းရခဲ့ကြောင်း သိရသည်။

နန်းပန်(ပြန်/ဆက်)

o-o-o-o-o

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေး

မိုင်းလား နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၁-၄-၂၀၂၆ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ် မိုင်းလားမြို့သို့ သွားရောက်ခဲ့ရာ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။



တက်ရောက်

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇည့်၊ ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ အမြဲတမ်းကော်မတီဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇည့်က ယခုနှစ်အတွင်း တတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အထူးဒေသ(၄)သည် နိုင်ငံတော်၏ အစိတ်အပိုင်း တစ်ခုဖြစ်ကာ ဒေသခံပြည်သူများသည်လည်း မြန်မာနိုင်ငံသားများဖြစ်ကြောင်း၊ အထူးဒေသ(၄)၏ နိုင်ငံရေးလိုလားချက်အပေါ် (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနိုင်ရေး လိုအပ်သော ဆောင်ရွက်ဖွယ်ရာ ကိစ္စများအား ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခင်ဥက္ကဋ္ဌကြီး ဦးစိုင်းလင်း၏ **"ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး"**လမ်းစဉ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး နိုင်ငံတော်အစိုးရဘက်မှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရန်အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလိုအပ်မှုအား ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပြီး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ ဥက္ကဋ္ဌ ဦးထိန်လင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ၊ ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးကိုယ်စား မိမိတို့အား အလေးထားပြီး မိုင်းလားသို့ ဒုတိယအကြိမ် လာရောက်တွေ့ဆုံဆွေးနွေးမှုအတွက် ကြိုဆိုပါကြောင်း၊ ယခုလို လာရောက်ခြင်းဖြင့် အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းမှတစ်ဆင့် ယုံကြည်နားလည်မှုတိုးပွားလာနိုင်မည်ကို ယုံကြည်ပါကြောင်း၊ ယခင်ဆွေးနွေးပွဲပြီးနောက် စက်တင်ဘာလလယ်တွင် ရှမ်းပြည်နယ် ကျန်းမာရေးအဖွဲ့နှင့် တပ်မတော်ဆေးတပ်ဖွဲ့တို့ ပူးပေါင်း၍ အခမဲ့ဆေးကုသမှုများ လာရောက်ဆောင်ရွက်ခဲ့ပြီး မိုင်းလားနှင့် ဆီလူးဒေသရှိ အခြေခံပညာ စာသင်ကျောင်းနှစ်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အထူးဒေသ(၄)၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စများအား အထူးအလေးထား ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခင်အစည်းအဝေးတွင် မိမိတို့ဒေသ အခြေအနေများကို တင်ပြခဲ့ပါကြောင်း၊ ငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် နိုင်ငံရေးအဆင့်အတန်းကို ဖော်ထုတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ဒေသနှင့် သင့်လျော်သည့် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဆင့်အတန်း သတ်မှတ်ပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးဒေသ(၄) မိုင်းလားတွင် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့သည် ကျိုင်းခမ်းမြို့ အနောက်ဘက် နမ့်လွေချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် မိုင်းဝ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

မကွေး နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးမှု အထွက်နှုန်းတိုးတက်စေရေးနှင့် ဝါသီးနှံလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါ စိုက်ပျိုးသော ဒေသခံတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေတိုက်ရိုက်ထုတ်ချေးပေးခြင်း အခမဲ့အနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဝါသီးနှံစိုက်တောင်သူများတက်ရောက်ခဲ့ကြသည်။



ဦးစွာ မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားကာ မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဝါသီးနှံစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အုန်းတွဲကျေးရွာ၊ ဆိပ်သာကျေးရွာ၊ ကူးသန်းကျေးရွာနှင့် ရွာသစ်ကျေးရွာတို့မှ ဒေသခံဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြသည်။ အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးမှုတွင် စုစုပေါင်း ကျေးရွာ လေးရွာမှ ဝါသီးနှံစိုက်တောင်သူ ၈၃ ဦး၏ ချည်မျှင်ရှည်ဝါ စိုက်ဧက ၂၂၆ ဒသမ ၅၀ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ၆၇၉ ဒသမ ၅၀ သိန်းကို အပြည့်အဝ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

မင်းလှ နိုဝင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများ လိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် သွင်းအားစုများဝယ်ယူ သုံးစွဲနိုင်စေရန် ရည်ရွယ်၍ မင်းတဲကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၀၃ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မင်းတဲကြီးကျေးရွာရှိ ဆီထွက်သီးနှံ စိုက်ပျိုးမည့် တောင်သူ ၇၁ ဦး အတွက် ငွေကျပ် ၁၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆက်လူ

o-o-o-o-o

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ စိုးမြင့်အေးကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာ နုနုလွင်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်

ကာမိုင်း နိုဝင်ဘာ ၂

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းမြို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက ကာမိုင်းမြို့၊ မြို့မ ဈေးနှင့် ပြည်ထောင်စုလမ်းမကြီးတို့တွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ကြီးကြပ်မှုဖြင့် မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကာမိုင်း(ပြန်/ဆက်)

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဘူတန်ဘုရင်နိုင်ငံ၏ သတိပဋ္ဌာန် မြို့သစ်စီမံကိန်း၌ ဗုဒ္ဓဘာသာ စေတီတော် ၁၀၈ ဆူ တည်ထားကိုးကွယ်ခဲ့ကြ

သင်္ဇူ နိုဝင်ဘာ ၂

ဘူတန် ဘုရင် ရိုင်ဇင်၏ "သတိပဋ္ဌာန်" မြို့သစ်စီမံကိန်း၌ ဗုဒ္ဓဘာသာစေတီတော် ၁၀၈ ဆူ တည်ထားကိုးကွယ်ရာတွင် စေတနာဝန်ထမ်းပရိသတ် ထောင်ပေါင်းများစွာ ပါဝင်ကုသိုလ်ယူခဲ့ကြကြောင်း စီအင်ဒန်အေသတင်းဌာနက ဖော်ပြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ အမြတ်ဆုံးသော စေတီတော်များဖြစ်ပြီး ဟိမဝန္တအေသတစ်ခွင်တွင် တွေ့ရှိရသည့် ဥဇင်္ဂေါ် ပေ ၅၀ (၁၅ မီတာ) မြင့်သော အဆိုပါ စေတီတော်များကို အိန္ဒိယနယ်စပ်အနီး အနောဂတ် ဂေးလက်ဖူး သတိပဋ္ဌာန်မြို့တော် တည်ဆောက်မည့် နေရာရှိ ၁၂ ကီလိုမီတာ (၇.၅ မိုင်) ရှည်လျားသော မြစ်ကမ်းဘေးတစ်လျှောက်တွင် ယမန်နေ့က ဌာပနာစိုက်ထူခဲ့ကြသည်။

သန်းခေါင်ယံအချိန်ကျော်တွင် စတင်သော စေတီတော်များ တည်ထားသည့် အစီအစဉ်၌ စေတနာ့ဝန်ထမ်း ၄၀,၀၀၀ ကျော် ပါဝင်ခဲ့ကြရာ "ကျောက်စာနှင့် မြေထုပေါ်တွင် ထာဝရတည်တံ့စေမည့် ရုပ်ပိုင်းဆိုင်ရာဆုတောင်းပတ္ထနာတစ်ခု "ပင် ဖြစ်ကြောင်း သိရသည်။ **Mon**



လာအိုနိုင်ငံတောင်ပိုင်းမှ လေအားလျှပ်စစ် တာဘိုင် ၁၃၃လုံး ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ထောက်ပံ့ပေးနေ



ဗီယင်ကျန်း နိုဝင်ဘာ ၂

လာအိုနိုင်ငံတောင်ပိုင်းရှိ စိမ်းလန်းစိုပြည်သော တောငတန်းကြီးများပေါ်တွင် တည်ရှိသည့် တရုတ်နိုင်ငံမှတည်ဆောက်ထားသော လေအားလျှပ်စစ်တာဘိုင် ၁၃၃ လုံးသည် ဗီယက်နမ်နိုင်ငံ၏ လျင်မြန်စွာ တိုးတက်လာသော စွမ်းအင်လိုအပ်ချက်ကို ထောက်ပံ့ပေးနေပြီး ယင်းမှာ ဒေသတွင်း စွမ်းအင်အရင်းအမြစ်များကို အသွင်ပြောင်း လှည့်ပတ်အသုံးပြုရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း စီအင်အန် အေသတင်းဌာနက ဖော်ပြသည်။

စွမ်းအင်ပညာရှင်များ၏ အဆိုအရ လေအားလျှပ်စစ်သည် လက်ရှိတွင် ခေတ်စားတိုးတက်လာတော့မည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် စတင်လည်ပတ်ခဲ့သည့် လာအိုနိုင်ငံ၏ မဂ္ဂါဝပ် ၆၀၀ ထွက်ရှိသော မွန်ဆွန်း လေအားလျှပ်စစ်စီမံကိန်းသည် ရင်းနှီးမြှုပ်နှံရန် စံနမူနာပြ အထမြောက်သည့် စီမံကိန်းတစ်ခုအဖြစ် ထောက်ပြထားကြသည်။

စင်ကာပူနိုင်ငံ အကျယ်အဝန်းခန့် ရှိသော ဒေါ်လာ သန်း ၇၀၀ တန်ကြေးရှိ အဆိုပါ စီမံကိန်းသည် အာရှတွင် ပထမဆုံးသော နိုင်ငံဖြတ်ကျော် လေအားလျှပ်စစ်စီမံကိန်း ဖြစ်ပြီး အရှေ့တောင်အာရှ၌ အကြီးမားဆုံး လေအားလျှပ်စစ်ထုတ်လုပ်ရေး စခန်းလည်းဖြစ်ကြောင်း သိရသည်။ **Mon**

အိန္ဒိယအရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသခံများကို မှုန်တိုင်းမလာမီ ဘေးလွတ်ရာသို့ စတင်ရွှေ့ပြောင်းပေးလျက်ရှိ

နယူးဒေလီ နိုဝင်ဘာ ၂

ယခင်သီတင်းပတ်က ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ထားရသည့် ဒေသသို့ နောက်ထပ် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းတစ်ခု မဝင်ရောက်မီ တစ်ရက်အလို နိုဝင်ဘာ ၂ ရက်တွင် အာဏာပိုင်များက အိန္ဒိယအရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသခံများကို ဘေးလွတ်ရာသို့ စတင်ရွှေ့ပြောင်း ပေးလျက်ရှိကြောင်း ရိုက်တာ သတင်းဌာနကဖော်ပြသည်။

ဆိုင်ကလုန်းမုန်တိုင်း မူရာဆူးသည် လူ ခြောက် ဦး သေဆုံးကာ နေအိမ်များနှင့် သီးနှံစိုက်ခင်း အမြောက်အမြား ပျက်စီးခဲ့ရသည့် ယခင်သီတင်းပတ်က ဆိုင်ကလုန်းမုန်တိုင်း အာနတ်ထက် ပြင်းအားပိုမိုနည်းပါးမည်ဟု ခန့်မှန်းရသည်။

အိန္ဒိယမိုးလေဝသဌာနက ဆိုင်ကလုန်းမုန်တိုင်း မူရာဆူးသည် နိုဝင်ဘာ၃ရက် နံနက်စောစောပိုင်းတွင် ကုန်းတွင်းပိုင်းသို့ စတင်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

"လူပေါင်း ၂,၀၀ နီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး ဖြစ်ပြီး အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်နေပါတယ်။ ကျန်တော်တို့အနေနဲ့ လူပေါင်း ၃၀,၀၀၀ ခန့်ကို ရွှေ့ပြောင်းပေးဖို့ စီစဉ်ထားပါတယ်" ဟု အန္ဓရ ဒေသပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



ပလော်ရီဒါပြည်နယ်ရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ လေယာဉ် ပျက်ကျ၊ လေယာဉ်ပေါ်ပါသူအားလုံး သေဆုံး

ဝါရှင်တန် နိုဝင်ဘာ ၂

နိုဝင်ဘာ၁ရက်က ဖလော်ရီဒါပြည်နယ်ရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ လူ ကိုး ဦး လိုက်ပါလာသည့် လေယာဉ်တစ်စင်းပျက်ကျခဲ့ပြီး လေယာဉ်ပေါ်ပါသူအားလုံး သေဆုံးသွားသည်ဟုအမေရိကန် သယ်ယူပို့ဆောင်ရေးဝန်ကြီး ရှောန်ဒပ်ဖီက ပြောကြားကြောင်း စီအင်အန်အင်အေသတင်းဌာနကဖော်ပြသည်။

အရှေ့ပိုင်းစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ်၅၀တွင် လီယာဂျက် ၆၀ အမျိုးအစားလေယာဉ်တစ်စင်းသည် ဖလော်ရီဒါပြည်နယ်၊ ခရက်စ်ဟဲဇင်းအနီးရှိ ရပ်ကွက်တစ်ခုအတွင်းသို့ ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း ဒပ်ဖီကအိတ်ခ်စ် လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေယာဉ်သည် တက္ကဆပ်ပြည်နယ်၊ ဩစတင်မြို့မှ ထွက်ခွာလာပြီး ဘဟားမားစ်နိုင်ငံသို့ ဦးတည်ပျံသန်းနေခြင်း ဖြစ်ကြောင်း ၄င်းက ဖြည့်စွက်ပြောကြားသည်။

မြေပြင်တွင် ထိခိုက်ဒဏ်ရာရရှိသူရှိ၊ မရှိကိုမူ အတည်မပြုနိုင်သေးကြောင်း သိရသည်။ **Mon**

ကနေဒါမှ ငါး နှစ်အရွယ် အိန္ဒိယနွယ်ဖွား အာလှန်ပီရာလ်ပရာဂျာပါတီ အိုင်ကျ။ ၁၄၁ ဖြင့် ထိပ်တန်း ဥဏ္ဍရည်မြင့်အသင်းနှစ်ခုသို့ ဝင်ရောက်

အော့တဝါ နိုဝင်ဘာ ၂

အသက် ၁၈ လသားအရွယ် ကတည်းက စာစတင်ဖတ်နိုင်ခဲ့သည့် ကနေဒါနိုင်ငံမှ အသက် ငါး နှစ် အရွယ် အိန္ဒိယနွယ်ဖွား အာလှန်ပီရာလ်ပရာဂျာပါတီ သည် ဥဏ္ဍရည်ပြကိန်း(အိုင်ကျ) ၁၄၁ စံချိန်ရှိပြီး စစ်ဆေးမှုခံယူသူ ၉၉ ဒသမ ၇ ရာခိုင်နှုန်းထက် ပိုမို သာလွန်ကာ ထိပ်တန်း ဥဏ္ဍာရည် မြင့်အသင်းနှစ်ခုသို့ ဝင်ရောက် ခွင့်ရရှိခဲ့ကြောင်း အင်နဒီတီမွီ သတင်းဌာနက ဖော်ပြသည်။

အာလှန်သည် မင်ဆာနှင့် အင်တာတဲလ်အမည်ရှိ အပြည်ပြည်ဆိုင်ရာ ထိပ်တန်း အိုင်ကျ အသင်းကြီးနှစ်ခုသို့ ဝင်ရောက် ခွင့်ရရှိခြင်း အပါအဝင် ထူးခြား ထက်မြက်သည့် ဥဏ္ဍာရည်စွမ်းရည်များကြောင့် အောက်တိုဘာ လနှောင်းပိုင်းက ကနေဒါနိုင်ငံ အွန်တဲရီယိုပြည်နယ် လွတ်တော်တွင် ဂုဏ်ပြုမှုတ်တမ်းလွှာ ပေးအပ်ခြင်းခံခဲ့ရသည်။

ပြည်နယ်လွတ်တော်အမတ် မေရီ-မာဂရက် မက်ခ်မေဟွန်က အဆိုပါဂုဏ်ပြုလွှာကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကနေဒါဝန်ကြီးချုပ် မာခ်ကာနီနှင့် အွန်တဲရီယိုပြည်နယ် ဝန်ကြီးချုပ်ဒေါက်ဖော့ဒ် တို့ ထံမှလည်း ဂုဏ်ပြုသဝဏ်လွှာများ ရရှိခဲ့ကြောင်းသိရသည်။ **Mon**

0-0-0-0-0



ဘွန်ဒီကမ်းခြေ လူသတ်မှုအပြီး လုံခြုံရေးတိုးမြှင့်သည့်အနေဖြင့် ဆစ်ဒနီမြို့တွင် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များ စတင်ကင်းလှည့်

ကင်ဘာရာ နိုဝင်ဘာ ၂

ယမန်နှစ်က ဘွန်ဒီကမ်းခြေတွင် ဖြစ်ပွားခဲ့သော လူသတ်မှုအပြီး လုံခြုံရေးတိုးမြှင့်သည့် အစီအစဉ်တစ်ရပ်အနေဖြင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ လမ်းမများပေါ်တွင် လက်နက်တပ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်များ စတင်ကင်းလှည့်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လက်နက်ကိုင်တုံ့ပြန်ရေးကွပ်ကဲမှုဌာန၏ အစီအစဉ်အရ အထူးလေ့ကျင့်ထားသည့် ရဲတပ်ဖွဲ့ဝင်များသည် လူစည်ကားသော ခရီးသွားနေရာများတွင် ရိုင်ဖယ်ရှည်များကို ကိုင်ဆောင်သွားမည်ဖြစ်ရာ မြို့ခံအများစုအတွက် မရင်းနှီးသော မြင်ကွင်းတစ်ခုဖြစ်လာမည်ဟု ဆိုသည်။

နယူးဆောက်သ်ဝေး ရဲတပ်ဖွဲ့က လက်နက်ကိုင်ပစ်ခတ်မှုများ အပါအဝင် ပြင်းထန်သော ခြိမ်းခြောက်မှုများကို တားဆီးရန်၊ ဟန့်တားရန်နှင့် လျင်မြန်စွာ တုံ့ပြန်ရန်အတွက် အားကစားပွဲများနှင့် ကိုးကွယ်ရာနေရာများကဲ့သို့သော အဓိကပွဲများတွင် လည်း ကင်းလှည့်မည်ဟု ထုတ်ပြန်ကြေညာသည်။



ယမန်နှစ် ဒီဇင်ဘာလက လူကြိုက်များသော ဘွန်ဒီကမ်းခြေ၌ ဂျူးပွဲတော်ကျင်းပရာသို့ သေနတ်သမားနှစ်ဦးက ပစ်ခတ်သဖြင့် (၁၀) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အပါအဝင် လူ ၁၅ ဦး သေဆုံးခဲ့ပြီး ယင်းတို့က ခိုက်မှုသည် နှစ် ၃၀ နီးပါး အတွင်း ဩစတြေးလျနိုင်ငံ၏ အဆိုးရွားဆုံး အစုလိုက်အပြုံလိုက်ပစ်ခတ်မှုဖြစ်ကြောင်း သိရသည်။ **Mon**

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် ပြည်သူ့စစ်မှုထမ်းများ၏ ဂုဏ်ယူဖွယ်အိမ်ပြန်ခရီးအား မိဘဆွေမျိုးများသာမက ဒေသခံပြည်သူလူထုကပါ ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြိုဆို



နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကိုနိုင်ငံ့သားကောင်းများပီသစွာ အသက်ကို ပဓာနမထား၍ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)နှင့် စစ်မှုထမ်းကာလလျှော့ပေါ့ခွင့်ရသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းများ သည် သတ်မှတ်စစ်မှုထမ်း ကာလ အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပေသည်။ ၎င်းတို့၏ တာဝန်ကျေပွန်မှုအတွက် ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်ကချီးမြှင့်အပ်နှင်းသော ပြည်သူ့ စစ်မှုထမ်းဆောင်ပြီး ကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးတွင် အောက်တိုဘာ ၃၀ ရက်တွင် ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့ လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့ လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်း တစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အမြဲတမ်း စစ်မှုထမ်းများနှင့် လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ် လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည် ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး မိမိတို့၏ မွေးရပ်မြေနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအား ဒေသခံပြည်သူများနှင့် မိဘဆွေမျိုး မိသားစုဝင်များက အောင်မြင်ခြင်း၏သက်တမ်းဖြစ်သောအောင်သပြေခက်များဖြင့် အမွေးနုံ့သာများ ဖျန်းပက်ခြင်း၊ ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများ လက်ဝယ်အရောက်ချီးမြှင့်ပေးအပ်ခြင်းတို့ဖြင့် အထူးလေးစားစွာ ဂုဏ်ပြုခဲ့ကြသည်။ ထိုပြင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနေပညာတစ်ရပ်ဖြစ်သော အိုးစည်၊ ဒိုးပတ်တီးမှတ်ကခုန်သံများဖြင့် မြို့ရွာအနှံ့ ဩဇာသံသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် ပီတိဖြစ်ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရပြီး တပ်မတော်နှင့် ပြည်သူအကြား အပြန်အလှန် ယုံကြည်လေးစားမှု၊ တစ်သားတည်းဖြစ်တည်နေမှုကို ထင်ရှားစွာ သက်သေပြနေသည့် သမိုင်းဝင်မှတ်တိုင်တစ်ခု အဖြစ်လည်း တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ပြည်သူ့စစ်မှုထမ်းများကိုယ်တိုင်လည်း မိမိတို့၏ တာဝန်ကျေပွန်မှုအပေါ် များစွာ ဂုဏ်ယူဝမ်းမြောက်လျက် ရှိကြသည်။ အလားတူ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိသည့် ပျော်ရွှင်မှု၊ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများက လေးစားမြတ်နိုးစွာ ကြိုဆိုခဲ့ကြသည့် ကြည်နူးဖွယ်ရာ မြင်ကွင်းပုံရိပ်များသည် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း ပျံ့နှံ့ရောက်ရှိခဲ့ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများပါ ကြည်နူးမဆုံးဂုဏ်ယူဝမ်းမြောက်လျက်ရှိကြသည်ကို ယခုကဲ့သို့ တွေ့ရှိရသည်။

အဆိုပါ စစ်မှုထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလ တစ်လျှောက်လုံးတွင် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေး တာဝန်များကို ရိုရှင်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။ ထို့ပြင် သဘာဝ ဘေးအန္တရာယ်များ ကျရောက်လာချိန်တွင် လည်း ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက် ရန်အတွက် တားဆီးကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များ၌ ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ် အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်း တပ်မတော်သားများနှင့် ရဲဘော်ရဲဘက် စိတ်ဓာတ်အပြည့်ဖြင့် လက်တွဲကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ် ကာလ တစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးခဲ့သည့် အပြင် သတ်မှတ် စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် (သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိစေမည် ဖြစ်သည်။

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်" ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ်တန်ဖိုးထား လေးစား ဂုဏ်ပြုလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင် နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအားသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၄၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

ခန္ဓီး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟို ဌာနခန်းမတွင် အခြေခံ အင်္ဂလိပ်စာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေ့ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်ဇင်မာထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ အခြေခံအင်္ဂလိပ်စာသင်တန်းတွင် သင်ကြားပို့ချပေးသော သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခဲ့ပြီး အခြေခံအင်္ဂလိပ်စာသင်တန်းမှ သင်တန်းသူတစ်ဦး က ကျေးဇူးတင်စကားပြန် လည် ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ၅ ရက်ကြာ သင်ကြားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အရန်မီးသတ်တပ်ရင်း လပတ်အစည်းအဝေး ပြုလုပ်



မန္တလေး၊ နိုဝင်ဘာ ၂

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အရန်မီးသတ်တပ်ရင်း ၏ လပတ်ပုံမှန်အစည်းအဝေးကို နိုဝင်ဘာ ၁ ရက် ညနေ ၆ နာရီက ဟေမမာလာမြောက် အရန်မီးသတ်စခန်း တပ်ရင်းရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြသည်။

အဆိုပါလပတ်အစည်းအဝေးတွင် အရန်မီးသတ်တပ်ရင်းရှေ့လုပ်ငန်းစဉ်များနှင့် မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူအကျိုးပြု လုပ်ငန်းကိစ္စရပ်များအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင်နှင့် တပ်ရင်းရုံးမှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံစခန်းများမှ တပ်ဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(မိုးသီး)



မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် မီးလောင်မှု ၁၂၉ ကြိမ်ဖြစ်ပွား

မန္တလေး၊ နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက် မှ အောက်တိုဘာ ၁၈ ရက်အထိ မီးလောင်မှု ၁၂၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေ ကျပ် ၈၆၃ ဒသမ ၁၃ သန်း ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖော်ဝင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

၂၀၂၅ ခုနှစ် အလားတူကာလတွင် မီးလောင်မှု အကြိမ် ၁၃၀ ဖြစ်ပွားခဲ့သဖြင့် ၂၀၂၆ ခုနှစ်တွင် မီးလောင်မှုအကြိမ်ရေ တစ်ကြိမ် လျော့နည်းခဲ့သည့် အပြင် ဆုံးရှုံးမှုတန်ဖိုးလည်း လျော့နည်းခဲ့သည်။

ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်မှုများအနက် လျှပ်စစ်မီးကြောင့် ဖြစ်ပွားမှု ၇၇ ကြိမ်ဖြင့် အများဆုံးဖြစ်ပြီး မီးဘေးကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မီးသတ်စခန်း ခုနှစ်ခု၊ မြို့နယ်မီးသတ်စခန်း ၂၈ခု နှင့် နယ်မြေမီးသတ်စခန်း ၆၄ခု တို့မှ တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ကျော်သည် သက်ဆိုင်ရာမြို့နယ်များရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသည်။

အထူးသဖြင့် လျှပ်စစ်မီးကြောင့် မီးလောင်မှုများပြားသည့်အတွက် လျှပ်စစ်ဓာတ်အား ပေးဦးစီးဌာနနှင့် ပူးပေါင်း၍ သက်တမ်းကြာမြင့်နေသည့် မီးကြိုးများ၊ ခလုတ်များနှင့်လျှပ်စစ်ဆက်သွယ်မှု အခြေအနေများကို လိုက်လံစစ်ဆေးလျက်ရှိပြီး လိုအပ်ပါက သက်ဆိုင်ရာဌာန၏ အကြံပြုချက်အတိုင်း ပြန်လည်လဲလှယ်စေရန် ဆောင်ရွက်နေသည်။

ထို့ပြင် လျှပ်စစ်ပစ္စည်းများကို သတ်မှတ်ခံနိုင်ဝန်အားထက် ပိုမိုအသုံးမပြုရန်နှင့် အပြင်ထွက်သည့်အခါ ပင်မလျှပ်စစ်ခလုတ်များ ပိတ်ထားခဲ့ရန်တို့ကိုလည်း လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပညာပေးလျက်ရှိသည်။

မီးဘေးအန္တရာယ် တုံ့ပြန်ငြိမ်းသတ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း မီးငြိမ်းသတ်ယာဉ် ၂၄၁ စီး၊ ရေသယ်ယာဉ် ၁၅၀ စီး၊ ထောက်ပံ့ကူညီရေးယာဉ် ၅၀ စီး၊ ဆက်သွယ်ရေးယာဉ် ၂၁ စီးနှင့် အခြားလုပ်ငန်းသုံး၊ ကူညီကယ်ဆယ်ရေးယာဉ်များအပါအဝင် ယာဉ်စုစုပေါင်း ၄၉၄ စီး၊ အပေါ့စားစက် ၁၆၅ လုံး၊ စုစုပေါင်း ၆၅၉ စီး လုံးကို စိစစ်ဖြန့်ကျက်ထားသည်။

အယ်လ်နီညိုဖြစ်စဉ်နှင့်အတူ ရာသီဥတုပူပြင်းလာချိန်တွင် မီးဘေးလုံခြုံရေးကို အထူးဂရုပြုကြရန်နှင့် မီးလောင်မှု (သို့မဟုတ်) မီးလန့်မှုဖြစ်ပွားပါက မီးသတ်တပ်ဖွဲ့သို့ အချိန်မီ အကြောင်းကြားပေးကြရန် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

o-o-o-o-o-o

စက်ရုံ၊ အလုပ်ရုံများ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

မြစ်သား၊ နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ အယ်လ်နီညိုကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ မီးဘေးလုံခြုံရေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး စက်ရုံ၊ အလုပ်ရုံများတွင် တပ်ဆင်ထားရှိသော မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေး အထူးသတိပြုလိုက်နာဆောင်ရွက်သွားရန်တို့ကို ပြောကြားခဲ့သည်။ ထို့နောက် မြစ်သားမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ ဝန်ထမ်းများအား မီးသတ်ဆေးဘူး အသုံးပြုနည်းများ၊ 191 Report Mobile Application ထည့်သွင်းအသုံးပြုနည်းများအား ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)ဝါဝါမြင့်(မြစ်သား)



မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



မန္တလေး၊ နိုဝင်ဘာ ၂

ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးညီထွေးဦး၏ ဦးဆောင်မှုဖြင့် အများပြည်သူများအား မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်ရှိ ပျံကျစျေး၌ ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စျေးကော်မတီဝင်များက ပုံကျစျေးအတွင်း၌ မီးဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ထားရှိမှုများအား စစ်ဆေးခြင်း၊ စျေးရောင်း၊ စျေးဝယ်များအား မီးဘေးအန္တရာယ်အကြောင်း ပိုမိုသိရှိနားလည်စေရန် အတွက် အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝဂျဝ)

o-o-o-o-o-o

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

ဖဲရိုက်လောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

မန္တလေး၊ နိုဝင်ဘာ ၂

ဧရာဝတီတိုင်း ဒေသကြီး၊ အိမ်မဲမြို့နယ်၌ ဖဲရိုက်လောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ကျွဲလမ်းကျေးရွာနေ ဒေါ်ခင်မာဝင်း(၅၅)နှစ်၏ နေအိမ်၌ ဖဲရိုက်လောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ အိမ်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ၄င်းနှင့်အတူ တစ်ရွာတည်းနေသူများဖြစ်သည့် မဝေဝေဦး(၂၈)နှစ်၊ ဒေါ်ဝေဝေလင်း(၃၈)နှစ်၊ ဦးဝင်းခိုင်(၅၃)နှစ်နှင့် ကိုဟိန်းဝင်းနိုင်(၂၀)နှစ်တို့ ၄ါးဦးအား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်မာဝင်းပါ ၄ါးဦးအား အိမ်မဲမြို့မရဲစခန်းမှ လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o-o-o-o-o-o



အမျိုးသားလေးဦး အုတ်ရေကန်အတွင်း၌ အောက်ဆီဂျင်ပြတ် သေဆုံး

မန္တလေး၊ နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာပညာရေးကောလိပ်ကျောင်းဝင်းအတွင်းတွင် ဆောက်လုပ်ပြီးစီးခဲ့သည့် အုတ်ရေကန်အတွင်း၌ အမျိုးသား လေးဦး အောက်ဆီဂျင်ပြတ် သေဆုံးမှု နိုဝင်ဘာ ၁ရက် မွန်းလွဲ ၃နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦး---နှင့် အမျိုးသား လေးဦးတို့သည် အလှူး ၁၈ ပေ၊ အနံ ၁၈ ပေ၊ အနက် (၆)ပေခွဲခန့်ရှိသော မြေအောက် အုတ်ရေကန်အတွင်းတွင် ငြမ်းများ အား ဆင်းဖြတ်ရာမှ အောက်ဆီဂျင်ပြတ်၍ ဦး--- သည် သတိလစ်မေ့မျောကာ အမျိုးသား လေးဦးမှာ အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့သည်။

အဆိုပါအခင်းဖြစ်နေရာသို့ မိတ္ထီလာခရိုင် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူမှုကူညီရေး အသင်းတို့သည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး သတိလစ်မေ့မျောသူနှင့် သေဆုံးသူများအား မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။(မိုးသီး)



ပီအက်စ်ဂျီအသင်းသမိုင်းတွင် နိုင်ပွဲအများဆုံးရယူနိုင်သည့် နည်းပြအဖြစ် အန်နရီကေး မှတ်တမ်းဝင်



ပါရီ နိုဝင်ဘာ ၂

ပီအက်စ်ဂျီအသင်းနည်းပြ အန်နရီကေးသည် နိုင်ပွဲ ၁၂၇ပွဲ ရရှိခဲ့ပြီး အသင်းသမိုင်း တစ်လျှောက် နိုင်ပွဲအများဆုံး နည်းပြ အဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက လီဟာဗာအသင်းကို ၎င်းဝိုး၊ တစ်ဝိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ခဲ့ပြီး နောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အန်နရီကေးသည် ပီအက်စ်ဂျီအသင်းကို ၂၀၂၃ခုနှစ် ဇူလိုင် ၅ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၈၈ ပွဲတွင် ၁၂၇ပွဲ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

အသက်(၅၆)နှစ်အရွယ်ရှိ အန်နရီကေးက "အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီလိုအဆင့်အတန်း၊ အဲ့အားသင့်ဖွယ်ကောင်းတဲ့ ကစားသမားတွေရှိတဲ့ ကလပ်ကို ကိုင်တွယ်ရတာ ကလည်း ကျွန်တော့်အတွက် ဂုဏ်ယူစရာပါပဲ။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာရယူသွားဦးမှာပါ" ဟု ပြောသည်။ (ဝဲပုံ) (NGB)

2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Diana Shnaider ဆွတ်ခူး

တိုကျို နိုဝင်ဘာ ၂

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ရုရှားတင်းနစ်မယ် Diana Shnaider က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Diana Shnaider သည် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ကနေဒါတင်းနစ်မယ် Leylah Fernandez ကို ၆-၄၊ ၅-၇၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၂)နှစ်အရွယ်ရှိ Diana Shnaider က "ကျွန်မအခုလို 2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်မ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီ တိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (ဝဲပုံ) (NGB)

ဖာမင်လိုပက်ဇ် ဘာစီလိုနာအသင်းတွင် ဆက်ရှိသွားမည်

ဘာစီလိုနာ နိုဝင်ဘာ ၂

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဖာမင်လိုပက်ဇ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက ဘာစီလိုနာအသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဖာမင်လိုပက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ပွဲကစားပြီး ၃၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ အသက်(၂၃)နှစ်အရွယ်ရှိ ဖာမင်လိုပက်ဇ်က "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားဦးမှာပါ" ဟု ပြောသည်။ (အပေါ်ဝဲပုံ) (NGB)

နည်းပြ ဂလက်စ်နာ နော်တင်ဟမ်ဖောရက်စ် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



လန်ဒန် နိုဝင်ဘာ ၂

နော်တင်ဟမ်ဖောရက်စ်အသင်းသည် လက်ရှိအချိန်၌ ရလဒ်ဆိုးများကြောင့် နည်းပြ ဂလက်စ်နာကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် ယခုနှစ် ဩဂုတ်လုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ကိုးပွဲကစားအပြီးတွင် ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၁၉)နေရာတွင် ရပ်တည်နေပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ဂလက်စ်နာကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိ နေသည်။

နည်းပြ ဂလက်စ်နာသည် နော်တင်ဟမ်ဖောရက်စ်အသင်းကို ၂၀၂၃ခုနှစ် ဇူလိုင် ၆ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၀၆ ပွဲတွင် ၁၀၆နိုင်၊ ၃၃သရေ၊ ၆၇ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ ဂလက်စ်နာအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နော်တင်ဟမ်ဖောရက်စ်အသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရမည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ဝဲပုံ) (NGB)

ဂါနာဘရီ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်အနားယူရဖွယ်ရှိ

မြူးနစ် နိုဝင်ဘာ ၂

ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ဂါနာဘရီသည် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်အနားယူရဖွယ်ရှိသည်။

အဆိုပါ တောင်ပံကစားသမားသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ်မွန်အသင်းတို့ တစ်ဖက်နှစ်ဝိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရကျိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂါနာဘရီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက်(၃၁)နှစ်အရွယ်ရှိ ဂါနာဘရီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၇ပွဲကစားပြီး ၁၀၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (အပေါ်ဝဲပုံ) (NGB)

ပါရစ်စိဘဂျန်နာကို ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား



လန်ဒန် နိုဝင်ဘာ ၂

အာဆင်နယ်အသင်းသည် မိုနာကိုအသင်းတိုက်စစ်မှူး ပါရစ်စိဘဂျန်နာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ပါရစ်စိဘဂျန်နာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။ ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် မိုနာကိုအသင်းထံမှ ပါရစ်စိဘဂျန်နာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ဝဲပုံ) (NGB)

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၄)ဇယား

နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်)	နောက်ဆုံးတွေ့ဆုံမှုရလဒ်
၄-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့	နံနက် ၀၃:၁၅နာရီ	ဂါလာတာစာရေး - စတုဂတ် (ဂျူကို-၁၁) (ဂျာမန်-၁၁)	———
〃	〃	ရွာ်တာဒိုးနက်စ် - စပို့တင်းလစ်ဘွန်း (ယူကရိန်း-၁၁) (ပေါ်တူဂီ-၃)	———
၄-၁၁-၂၀၂၆ ဗုဒ္ဓဟူးနေ့	နံနက် ၀၂:၃၀နာရီ	အက်သလက်တီကို - ဘိုင်ယန်မြူးနစ် (စပိန်-၂) (ဂျာမန်-၁)	အက်သလက်တီကို ၁-၁ ဘိုင်ယန်မြူးနစ် ဘိုင်ယန်မြူးနစ် ၄-၀ အက်သလက်တီကို
〃	〃	ဘာစီလိုနာ - အက်စတွန်ဗီလာ (စပိန်-၁) (အင်္ဂလန်-၉)	———
〃	〃	ဘိုရိုတလင့် - လိုင်လီ (နော်ဝေ-၂) (ပြင်သစ်-၂)	———
〃	〃	ဗီယင်နာ - အင်တာမီလန် (နယ်သာလန်-၁) (အီတလီ-၂)	ဗီယင်နာ ၀-၂ အင်တာမီလန် အင်တာမီလန် ၂-၁ ဗီယင်နာ
〃	〃	လင်္ဂဒ် - ဆလိုဗန် (ဩစတြီးယား-၃) (ဆလိုဗက်ကီးယား-၂)	———
〃	〃	ပန်ယူ - ဂိုးဟား (အင်္ဂလန်-၁၇) (အီတလီ-၃)	ပန်ယူ ၆-၂ ဂိုးဟား (၃၀-၄-၂၀၂၁ ယူရိုပါလိဂ်ပြိုင်ပွဲ)
〃	〃	ဗီလာရီးရဲလ် - ပီအက်စ်ဂျီ (စပိန်-၈) (ပြင်သစ်-၁)	———

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၄-၁၁-၂၀၂၆ နံနက် ၀၂:၁၅နာရီ	ကျူပီအော - ဘန်လေ	ကျူပီအော ၀-၅ ဘန်လေ ဘန်လေ ၀-၀ ကျူပီအော
၄-၁၁-၂၀၂၆ နံနက် ၀၂:၃၀နာရီ	ဝက်စ်ဘရွန်း - ဆောက်သမ်တန်	ဝက်စ်ဘရွန်း ၁-၁ ဆောက်သမ်တန် ဆောက်သမ်တန် ၃-၂ ဝက်စ်ဘရွန်း

ဘောလုံးသတင်းအတိုအထွာများ

* ဘာစီလိုနာအသင်းသည် မန်ယူအသင်းနှင့် အဆင်မပြေဖြစ်နေသည့် နောက်ခံကစားသမား လီဆန်ဒရိမာတီနက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ဘီဆစ်တပ်စ်အသင်းသည် နယူးကာဆယ်အသင်းကွင်းလယ်ကစားသမား ဝဲလော့ခ်ကို ယူရို ၁၀ သန်းဖြင့် ကမ်းလှမ်းခဲ့သည်။ (NGB)

မီးသွေးဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်လိန်(အရှေ့)ကျေးရွာအုပ်စု၊ မီးသွေးဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မီးသွေးဖိုကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေများဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းများ ဆောင်ရွက်မှု ရှိ၊ မရှိ များကိုလည်းကောင်း၊ လအလိုက် စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှု ရှိ၊ မရှိ များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ မီးသွေးဖိုကျေးရွာ၌ စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြသူ အသင်းသူ၊ အသင်းသား ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၄၆ သိန်းကို ထုတ်ချေးပေးထားကြောင်းနှင့် ၄င်းချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများအား ပုံမှန်လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်နိုင်

၀-၀-၀-၀-၀



စစ်ကိုင်းမြို့တွင် အခြေခံပန်းအလုနှင့် ပန်းကြယ်သီးထိုးနည်းသင်တန်းဖွင့်

စစ်ကိုင်း နိုဝင်ဘာ ၂

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှကြီးမှူး၍ အခြေခံပန်းအလုနှင့် ပန်းကြယ်သီးထိုးနည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝိုင်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှရီမြင့်က သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလကို ငါးရက်ကြာ လက်တွေ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျောက်ဆည် နိုဝင်ဘာ ၂

အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျောက်ဆည်ခရိုင်)မှ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခြင်း၊ ဒဏ်ရာရခြင်းများ မဖြစ်ပွားစေရေး ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးကားလမ်းဘေးထနောင်းပင်လှရွာဝင်လမ်းထိပ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၉၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျောက်ဆည်ခရိုင်)မှ ရဲအုပ်လွင်နိုင်ဇော်က ကျောက်ဆည်ခရိုင်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာနှင့် သေဆုံးမှုဖြစ်စဉ်များအကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် လိုက်ပါစီးနင်းသူများ၊ မော်တော်ကားမောင်းသူများနှင့် လိုက်ပါစီးနင်းသူများ၊ လမ်းဖြတ်ကူးသူများ လိုက်နာရမည့် စည်းကမ်းများနှင့် ဥပဒေပုဒ်မများအကြောင်း ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)



မိတ္ထီလာမြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချနေသော သွားတိုက်ဆေးအမျိုးမျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ ရောင်းချနေသော သွားတိုက်ဆေးအမျိုးမျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုများ သုံးစွဲရာတွင် ထိခိုက်နစ်နာမှုမရှိစေရေး၊ လုပ်ခြစ်တ်ချရမှုရှိစေရေး၊ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်လုပ်ရောင်းချမှု ရှိစေရေး၊ လုံခြုံစိတ်ချမှုမရှိသော ကုန်စည်များ လျော့နည်းပပျောက် သွားစေရေးတို့အတွက် နေရာစုံ၌ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ထုတ်ကုန်လုံခြုံစိတ်ချရမှု ဌာနခွဲတာဝန်ခံ ဦးစီးမှူး ဒေါ်ချောစုထွေးနှင့် ဝန်ထမ်းများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကုန်စုံဆိုင်များတွင် သွားတိုက်ဆေးအမျိုးမျိုးအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သွားတိုက်ဆေးအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြထားခြင်းရှိ၊ မရှိ၊ သက်ဆိုင်ရာဌာနထောက်ခံချက်များ ပါဝင်မှု ရှိ၊ မရှိ တို့ကိုစစ်ဆေးခဲ့ကြရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသောကုန်စည်များကိုသာ ရောင်းချမှုရှိကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူပြည်သူများ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် လုံခြုံစိတ်ချရမှုရှိပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ဖြစ်သင့်၊ ဖြစ်ထိုက်သောဈေးနှုန်းနှင့်သာ ဝယ်ယူသုံးစွဲနိုင်ရေး၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် ဈေးကွက် စောင့်ကြည့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၆၉)**



ဟံတားနှင့်လမ်း၊ ဧဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်သစ်ပင်ရံမှသဏ္ဌာန်လှပပန်ရလိမ့်။

VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှု စစ်ဆေး

တာချီလိတ် နိုဝင်ဘာလ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ဖာတီမာကုန်းကျေးရွာတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာကော်မတီဝင်များနှင့်အတူ ဖာတီမာကုန်းကျေးရွာတွင် အရှည်ပေ ၃၃၀၊ အကျယ် ၁၀ ပေ၊ ၆ လက်မထူရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှုးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ကျေးရွာလမ်းကော်မတီဝင်များ ဖွဲ့စည်း၍ ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပုံပိုးရန်ပုံ ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၆၁ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ပထမအပတ်မှ စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အဆိုပါ ကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့်(ကျေးလက်)

၀-၀-၀-၀-၀

၀-၀-၀

မဟာအောင်မြေခရိုင်အတွင်း အပူရှောင်စခန်း ၉၀ ခု ဖွင့်လှစ်ထားပြီး လူဦးရေ ၁၇၁၆၅ ဦး နားခိုနိုင်

မန္တလေး နိဝင်ဘာ ၂

စူပါအယ်လ်နီညို (Super El Niño) ရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်ကို ကြိုတင်ကာကွယ်နိုင်ရန် မန္တလေး၊ မဟာအောင်မြေခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် အပူရှောင်စခန်း ၉၀ ခု ဖွင့်လှစ်ထားပြီး လူဦးရေ ၁၇၁၆၅ ဦးအထိ လာရောက်နားခိုနိုင်ရန် စီစဉ်ထားကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က ပြောသည်။

အပူရှောင်စခန်းများကို အပူဒဏ်ခံနိုင်ရည်နည်းပါးသည့် သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါရှိသူများ အဓိကထား နားခိုနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပြီး မဟာအောင်မြေခရိုင်အတွင်း အဆိုပါ ထိခိုက်လွယ် အုပ်စုဝင် ၂၇၃၆၅ ဦးရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မဟာအောင်မြေခရိုင်အတွင်းမှာ အပူရှောင်စခန်း မြို့နယ် လေးမြို့နယ်မှာ ၉၀ ခု ဖွင့်လှစ်ထားရှိပါတယ်။ လာရောက်နားခိုနိုင်မယ့် လူဦးရေကတော့ ၁၇၁၆၅ ဦး ဖြစ်ပါတယ်။ ထိခိုက်လွယ်တဲ့ အုပ်စုတွေဖြစ်တဲ့ သက်ကြီး၊ ကလေး၊ မသန်စွမ်းနဲ့ နာတာရှည်ရောဂါဖြစ်ပွားနေတဲ့သူ၊ ကိုယ်ဝန်ဆောင်မိခင်တွေ စုစုပေါင်း ၂၇၃၆၅ ဦးရှိပါတယ်။ ဒီထိခိုက်လွယ်တဲ့အုပ်စုတွေကို အပူရှောင်စခန်းတွေမှာ အပူရှောင်နိုင်ဖို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိပါတယ်" ဟု ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။



အပူရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်း ငါးဦးစီ တာဝန်ချထားပြီး လိုအပ်သည့် ဆေးဝါးများဖြင့် စောင့်ရှောက်မှုပေးရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် စခန်းများတွင် လေအေးပေးစက်၊ ပန်ကာများအပြင် သောက်ရေသန့်၊ တစ်လီတာဘူး ၂၁၇၀၀ ဘူး၊ ၂၀ လီတာဘူး ၂၇၀၀ ဘူး၊ ဆန်အိတ် ၂၇၀၊ ပဲပိသာ ၆၂၀၀နှင့် ဆီပိသာ ၆၂၀၀ တို့ကိုလည်း ဖြည့်ဆည်းထားကြောင်း သိရသည်။ သက်ကြီးရွယ်အိုများ အပူရှောင်နားခိုနေစဉ် စာဖတ်ရှုနိုင်ရန် ခမ္မာစပေ၊ မဂ္ဂဇင်းများနှင့် သတင်းကြည့်ရှုနိုင်ရန် ရုပ်မြင်သံကြားစက်များကိုလည်း ထားရှိပေးထားကြောင်း သိရသည်။

အလားတူ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အိမ်တော်ရာဘုရား၊ သကျသီဟဘုရားနှင့် မင်္ဂလာကံကောက်ခမ္မာရုံကြီး အပါအဝင် နေရာအချို့တွင်လည်း အပူရှောင်စခန်းများ ဖွင့်လှစ်ထားပြီး လူဦးရေ ၁၀၀၀ မှ ၁၅၀၀အထိ လက်ခံနားခိုနိုင်ရန် စီစဉ်ထားကြောင်း ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးက ပြောသည်။

အပူရှောင်စခန်းသို့ လာရောက်နားခိုသူ အဘွား တစ်ဦးကလည်း "အိမ်မှာဆို ပူပြီးမောနေတာ၊ ဒီမှာရောက်တော့ အေးအေးဆေးဆေးပါပဲ။ ဆေးဝါးရော၊ လေအေးပေးစက်တွေရော အကုန်လုံး ပြည့်စုံအောင် ပြင်ဆင်ပေးထားလို့ တာဝန်ရှိသူတွေကို ကျေးဇူးအများကြီးတင်ပါတယ်" ဟု ပြောကြားသည်။

အပူရှောင်စခန်းများကို မဟာအောင်မြေခရိုင်အတွင်းရှိ ဘုရားများနှင့် ခမ္မာရုံများတွင် အဓိကထား ဖွင့်လှစ်ထားခြင်းဖြစ်ပြီး အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီအဖွဲ့ဝင်များ အပါအဝင် လူအင်အား ၁၄၀၀ ဖြင့် ပြင်ဆင်ထားကြောင်း သိရသည်။

ရွှေမန်း



AI နည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ

မန္တလေး နိဝင်ဘာ ၂

မန္တလေးမြို့တွင် အောက်တိုဘာ ၃၀ ရက်က AI နည်းပညာသင်တန်းဖွင့်ပွဲကို ကျင်းပခဲ့ရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) အသင်းခွဲ (မန္တလေး) အတွင်းရေးမှူး ဦးလင်းကိုကိုအောင်က အမှာစကားပြောကြားခဲ့သည်။

ဖွင့်ပွဲသို့ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) အသင်းခွဲ(မန္တလေး) အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ AI နည်းပညာသင်တန်းသည် လုပ်ငန်းရှင်များ အနေဖြင့် AI နည်းပညာကို လက်တွေ့လုပ်ငန်းခွင်များတွင် ပြန်လည် အသုံးချနိုင်စေရေး အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ကြောင်း သိရသည်။

သင်တန်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) အသင်းခွဲ(မန္တလေး)၊ တက်ဟုန်း ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးနှင့် တာဝန်ရှိသူများက ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းကျဆင်းမှုမရှိ

မန္တလေး နိဝင်ဘာ ၂

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ အိမ်ခြံမြေဈေးကွက်တွင် လက်ရှိအရောင်းအဝယ်များ အေးစက်နေသော်လည်း အိမ်ခြံမြေဈေးနှုန်းများမှာ ကျဆင်းမှုမရှိဘဲ ယခင်ဈေးနှုန်းအတိုင်း ဆက်လက်တည်ရှိနေကြောင်း ရန်အောင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ CEO & Founder ဦးရန်အောင်က ပြောသည်။

လက်ရှိ အိမ်ခြံမြေအရောင်းအဝယ် အေးနေရခြင်းမှာ အိမ်ခြံမြေ ဝယ်ယူထားသူများအနေဖြင့် ဝယ်ယူထားသည့် မြေကွက်နှင့် အိမ်များကို ပြန်လည် ရောင်းချမှုနည်းပါးနေခြင်းအပြင် ရင်းနှီးမြှုပ်နှံသူများကလည်း ဈေးကွက်အခြေအနေကို စောင့်ကြည့်နေကြပြီး အိမ်ခြံမြေများ ထပ်မံဝယ်ယူစုဆောင်းခြင်းကို ရပ်နားထားခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် အရောင်းအဝယ်အရေအတွက် လျော့နည်းလာသော်လည်း ဈေးနှုန်းအပေါ် သိသာသည့် သက်ရောက်မှုမရှိသေးကြောင်း ၎င်းကပြောသည်။

မန္တလေးမြို့တွင် နေထိုင်သူဦးရေ များပြားလာခြင်းနှင့် လူနေထိုင်ရန် သင့်လျော်သည့် မြေဧရိယာများ နည်းပါးလာခြင်းတို့သည် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းမှုမရှိစေရန် အကြောင်းအရင်းတစ်ရပ်ဖြစ်နေကြောင်း သိရသည်။ အထူးသဖြင့် လူနေအိမ်ရာအဖြစ် အသုံးပြုနိုင်သည့် မြေကွက်များအပေါ် ဝယ်လိုအားရှိနေဆဲဖြစ်သည့်အတွက် အရောင်းအဝယ်အေးနေသော်လည်း အိမ်ခြံမြေပိုင်ရှင်များအနေဖြင့် ဈေးလျော့ရောင်းချမှုများ ပြုလုပ်လာခြင်းမရှိသေးကြောင်း သိရသည်။

လက်ရှိ ချမ်းမြသာစည်မြို့နယ်အတွင်း ၅၅ လမ်း အရှေ့ဘက်ရှိ ထွန်တုံးရပ်ကွက်၊ ၈၈၊ မမ၊ ဖဖ စသည့်နေရာများအပြင် မြို့သစ်(၁)၊ မြို့သစ်(၂) စသည့် နေရာများတွင် အိမ်ခြံမြေအရောင်းအဝယ်များ ရှိနေကြောင်း သိရသည်။ အဆိုပါ နေရာများသည် လူနေထိုင်ရန်နှင့် အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုအတွက် စိတ်ဝင်စားမှုရှိသည့် နေရာများဖြစ်ပြီး မြေကွက်တည်နေရာ၊ အကျယ်အဝန်း၊ လမ်းအနေအထားနှင့် ပတ်ဝန်းကျင်အခြေအနေတို့ အပေါ်မူတည်၍ အရောင်းအဝယ် ဈေးနှုန်းများ ကွာခြားမှုရှိကြောင်း သိရသည်။

အဆိုပါ ဒေသများတွင် အိမ်ခြံမြေဈေးနှုန်းများမှာ မြေကွက်အကျိုးအစားနှင့် တည်နေရာအလိုက် ၃၆ကျပ်သိန်းထောင် ဂဏန်းမှ ၄၆ကျပ်သိန်းသောင်း ဂဏန်း ဝန်းကျင်အထိ ရှိနေကြောင်းသိရသည်။ လက်ရှိဈေးကွက် အခြေအနေအရ အရောင်းအဝယ်ပြုလုပ်သူများ နည်းပါးနေသော်လည်း မြေဈေးနှုန်းများမှာ သိသာစွာ ကျဆင်းခြင်းမရှိဘဲ တည်ငြိမ်သည့် အနေအထားတွင် ရှိနေကြောင်း ရန်အောင် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ CEO & Founder ဦးရန်အောင်က ဆက်လက်ပြောကြားသည်။

(မန္တလေးနေ့စဉ်-၈)

တောင်ကြီးတန်ဆောင်တိုင်ပွဲ လာရောက်မည့်သူများအတွက် ဟိုတယ်အခန်း ကြိုတင်စာရင်းပေးမှု ပြည့်လုနီးပါးဖြစ်

တောင်ကြီး နိဝင်ဘာ ၂

တောင်ကြီးမြို့တွင် မကြာမီကျင်းပမည့် ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးပုံးပွဲတော်သို့ လာရောက်လည်ပတ်မည့်သူများပြားလာဖြင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အခန်းကြိုတင်စာရင်းပေးမှု ရာနှုန်းပြည့်နီးပါးရှိနေပြီဖြစ်ကြောင်း သိရသည်။

တောင်ကြီးမြို့ရှိ ဟိုတယ်နှင့် တည်းခိုခန်းတာဝန်ရှိသူများ ၏ပြောကြားချက်အရ ပွဲတော်လာရောက်ရန် ခရီးစဉ်ပက်ကေ့ချ်များဖြင့် စီစဉ်ထားသူများ၊ မိသားစုလိုက်နှင့် သူငယ်ချင်းအုပ်စုလိုက် လာရောက်မည့်သူများက ကြိုတင်အခန်းယူထားကြခြင်းဖြစ်ပြီး ဟိုတယ်အခန်းခမျာလည်း မြင့်တက်လာကြောင်း သိရသည်။

ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှု များပြားလာသည့်အတွက် မူလသတ်မှတ်ထားသည့် နိုဝင်ဘာ ၁၈ ရက်အစား ၁၆ ရက်မှ စတင်ကျင်းပရန် နှစ်ရက်စော၍ ပြောင်းလဲသတ်မှတ်ထားကြောင်း သိရသည်။

ပွဲတော်ဆုပေးပွဲကို နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သဖြင့် ပွဲတော်ကာလမှာ ၁၀ ရက်ကြာမြင့်မည် ဖြစ်သည်။

ယခုနှစ်ပွဲတော်တွင် နေ့လွှတ်အရုပ်မီးပုံးပျံ ၄၄၉ လုံးနှင့် ည လွှတ်မီးပုံးပျံ ၁၁၂ လုံး၊ စုစုပေါင်း ၅၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့် မြို့အတွင်းရှိ အထင်ကရနေရာများသို့ လာရောက်လည်ပတ်ရန် စီစဉ်သူများအနေဖြင့် တည်းခိုနေထိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရန် လိုအပ်နေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း



ရေနတ်မြောင်းအတွင်း
စည်းကမ်းမဲ့အမှိုက် မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

ထိန်းသိမ်းဆောင်ရွက်ရမည့် ပန်းယွန်းပညာ

ယနေ့ ကမ္ဘာကြီးရှိ နိုင်ငံပေါင်း ၁၉၀ ကျော်တွင် ကိုယ်ပိုင်အနုပညာနှင့်ယဉ်ကျေးမှုများ ကိုယ်စီရှိကြပါသည်။ လူမျိုးတိုင်းသည် လက်ခံယုံကြည်သော အနုပညာကို တန်ဖိုးထားမြတ်နိုးကြပါသည်။ လူမျိုးတစ်မျိုး ယဉ်ကျေးမှုအဆင့်အတန်းကိုသိလိုလျှင် စာပေနှင့် အနုပညာခံစားတတ်မှုကို ကြည့်ရှုခြင်းဖြင့် သိနိုင်ပေသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ယဉ်ကျေးမှုမြင့်မားခဲ့ကြောင်း ရိုးရာပန်း ၁၀မျိုးပညာက ထင်ရှားစွာ ပြသနေသည်။ 'ဘုရားမတင်၊ နတ်မင်၊ လူတွင် ပန်းဆယ်မျိုး' ဟူသော ဆိုရိုးရှိသည်။ 'ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းတမော့၊ ပန်းယွန်း၊ ပန်းချီ' တို့ဖြစ်ပါသည်။ ထိုပန်း ၁၀ မျိုးထဲတွင် ပန်းယွန်းပညာသည်လည်း ခက်ခဲနက်နဲသော ပညာတစ်ခုဖြစ်သည်။

ပန်းယွန်း(ခေါ်)ယွန်းပညာသည် လက်မှုအနုပညာနှင့်သစ်စေးတို့ ပေါင်းစပ် အသုံးပြုထားသော အတတ်ပညာတစ်ခုဖြစ်သည်။ ပန်း ၁၀ မျိုးကို ၁၉ ရာစုတွင်ထွန်းကားခဲ့သည်ဟု ယူဆကြသော်လည်း ယွန်းအတတ်ပညာသည် ပုဂံခေတ် (အေဒီ ၁၁ရာစုမှ ၁၃ရာစု) ကတည်းက ရှိခဲ့သည်ဟု သုတေသန တူးဖော်ရရှိမှုမှ သိရပါသည်။

'ပန်း' ဟုခေါ်ရခြင်းမှာ မွမ်းမံခြယ်လှယ်စီမံရသော သုခုမ အနုပညာပါသောကြောင့် 'ပန်း' ဟုခေါ်ကြောင်း ပညာရှင်များက ဆိုကြသည်။ ပန်းယွန်းဆိုသည်မှာ သရီးသစ်စေးသုတ် အသုံးအဆောင်အရာဝတ္ထုများကို ပြုလုပ်သည့်အတတ်ပညာကို ခေါ်သည်ဟု မြန်မာစာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၃) မြန်မာစာအဖွဲ့က ဆိုထားပါသည်။

ယွန်းထည်ဟူသည်ကား မာကျောပြောင်လက်တောက်ပ ချောမွေ့လှပအောင် သစ်ပင်မှထွက်သော သစ်စေးနှင့် သုတ်လိမ်းခြယ်မှုန့်ထားသော ဝတ္ထုပစ္စည်းတိုင်းကို ယွန်းထည်ဟု ခေါ်သည်။ ပန်း ၁၀မျိုးနှင့်ပတ်သက်၍ သံ၊ သွပ်၊ ကြေး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားကိုအခြေခံသော ပန်းထိမ်ပညာ၊ ကြေးနီ၊ ကြေးဝါကို အခြေခံသော ပန်းတဉ်းပညာ၊ အုံတုံသတ္တု၊ နဂကျဲကော်၊ ဒွေးပေါ်တင်လဲ၊ ဥသျှစ်ခွဲ လဲဝါတဆုတ်၊ သီတမ္ဘတ်မှ အစပြု၍ ယဇ္ဉ ထုံးဘိလပ်မြေကို အခြေခံသော ပန်းတမော့ပညာ၊ သစ်ပင်၊ ဝါးပင်၊ သစ်ရွက်သစ်ခေါက်၊ သစ်စေးစနှင့် ထိုမှထွက်သော အရောင်စုံပေါ်လာသော ပန်းချီနှင့် ပန်းယွန်းပညာတို့သည် လွယ်သယောင်နှင့် ခက်ခဲသော အတတ်ပညာများဖြစ်ပါသည်။

ပန်းယွန်းပညာသည် သစ်စေးကို အသုံးပြုရသော အတတ်ပညာဖြစ်သည်။ အချို့က တရုတ်ထံမှရသော အတတ်ပညာ၊ ယိုးဒယားတို့မှရသော အတတ်ပညာဟု ယူဆကြသည်။ မြန်မာ့သမိုင်းတွင် အေဒီ ၁၂၂၃ ခုနှစ် မင်းနန်သူလေးမျက်နှာအုတ် ကျောင်းကို ရှင်းလင်းရာ ယွန်းထည်ရေခွက်တစ်ခွက်ကို တွေ့ရှိခဲ့သည်။

အဆိုပါ ရေခွက်ကို သစ်စေးသုတ်လိမ်းထားကြောင်း တွေ့ရသည်။ ယွန်းပြတိုက်တွင် ၁၉၉၄ ခုနှစ်မှစ၍ ပြသထားသည်။ အလားတူပင် တကောင်းမြို့ဟောင်းမှ ယွန်းဖလားကို တွေ့ရှိရသည်။ ၁၃ ရာစု ကနတ်ပန်းဖြစ်သည်။

ပင်းယခေတ်တွင် ရွှေချသည့် ယွန်းထည်အတတ်ပညာနှင့် ရွှေသင်္ကန်းကပ်လှူသည့် ပညာများကျွမ်းကျင်နေပြီဖြစ်သည်။ အေဒီ ၁၃ရာစု အင်းဝခေတ်တွင်လည်း သစ်စေးသုတ် ရွှေပိန်းချ သစ်သားဆင်းတုတော်ကို ပုဂံမြို့တွင် တွေ့မြင်ရသည်။

ညောင်ရမ်းခေတ်တွင် ဝန်ကြီးပဒေသရာဇာက ' ခွေဦးကာလ မြူထသောအခါ' ထန်းတက်တျာချင်း ရေးဖွဲ့ခဲ့သည်-

' နီးဒေါင်းလန်းကြီး ရူးပြီးသောအခါ
သမီးနှင့်သား များလို့မဝင်သာ
ရူးတစ်ဖက်ဟာ တွန်းကာဖယ်လျက်
သူထက်ငါလေ စားတော့မည်စေ
စားပေသာလှ အုန်းခွက်ကယ်နှင့်လေး'

ဟု ရေးဖွဲ့ထားပါသည်။

ကုန်းဘောင်ခေတ်တွင်လည်း ယွန်းထည်လုပ်ငန်းက တွင်ကျယ်နေပေပြီ။ မြန်မာ့ယွန်းထည်လုပ်ငန်းသည် ကျေးလက်သာမက ထီးသုံးနန်းသုံးနှင့် ဘာသာရေးအတွက် အသုံးဝင်လာသည်။

ကညစ်ယွန်း၊ ရွှေဝါယွန်း၊ သားရိုးပန်းကြွယွန်းနှင့် မုန့်စီရွှေချယွန်းတို့ ပြုလုပ်လာကြသည်။ ယွန်းထည်လုပ်ငန်းတိုးတက်လာရခြင်းမှာ မြန်မာနိုင်ငံတွင် သစ်စေးပင်အများအပြား ပေါက်ရောက်ခြင်း၊ သစ်စေးကောင်းမွန်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အိမ်နီးနားချင်းနိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယတို့တွင်လည်း ယွန်းပညာထွန်းကားနေသည်။

မြန်မာ့ယွန်းထည်ပညာနှင့်ပတ်သက်၍ ရှေးဟောင်း ကျောက်စာ၊ မင်စာ၊ လက်ရေစာများတွင်လည်း ရေးသားဖော်ပြထားသည်။ မြန်မာ့ပန်းယွန်းအနုပညာမှာ ပစ္စည်းပေါင်း ၂၀၀ ကျော်ရှိပြီး ဒေသအလိုက်ထွက်ရှိသော ယွန်းထည်အမျိုးအစားများ ကွဲပြားလျက်ရှိကြောင်း သိရသည်။ ၂၀၀၉ခုနှစ်စာရင်းအရ ယွန်းထည်လုပ်ငန်းလုပ်ကိုင်သောဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် ၃၄နေရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ အများဆုံးလုပ်ကိုင်ကြပါသည်။သစ်စေး၏ အရည်အသွေးကောင်းမွန်မှုကြောင့် ယွန်းပစ္စည်းများဝယ်ယူကြသည်။

သစ်စေးပင်သည် ရွာက်ကြွေပင်မျိုးဖြစ်ပြီး ပင်စည်ဖြောင့်ကာ အမြင့် ပေ ၅၀၊ ပေ ၆၀ ခန့် ရှိသည်။ လုံးပတ် ၆ပေနှင့် အမြင့်ပေ ၃၅ ပေတွင် အရွယ်ရောက်သည်။ သစ်စေးတွင် ကော်ဓာတ်၊ အက်စစ်ဓာတ်၊ ဖိုက်ဘာဓာတ်များ ပါဝင်သည်။ သစ်စေးအစိုကိုထိမိလျှင် ချွတ်ရန် ခက်ခဲသည်။ အပူချိန် ၁၂၀ ဖာရင်ဟိုက် မကျော်မခြောက်သည်။

သစ်စေးအိပ်သည်ဟုခေါ်သည်။ သစ်စေးသည် ပူသော သတ္တိရှိသည်။ ကြာကြာထိတွေ့လျှင် အပူလောင်တတ်သည်။ ဓာတ်မတည့်လျှင် အဖုအပိန့်ထွက်သည်။ အနံ့ခံလျှင်ပင် ကိုယ်လက်ရောင်ခြင်း၊ မျက်ခုံးဖုးရောင်ခြင်းများ ဖြစ်တတ်သည်။ ထိုအခါတွင် ဆီးဖြူသီးခြောက်(သို့မဟုတ်) သနပ်ခါးကိုဆန်ဆေးရည်နှင့်သွေးလိမ်းခြင်း၊ ဆန်ကို ဝါးရှဲအုံခြင်း၊ တောသရက်ကိုထောင်းအုံခြင်း၊ တောအရက်ဦးရည်သုတ်လိမ်းခြင်းဖြင့် ပျောက်ကင်းသည်ဟု သိရသည်။ သစ်စေးကား အစွမ်းထက်သကဲ့သို့ ဥပဒေလည်းပေးနိုင်သည်။

ကျောက္ကာရွာသည် ယွန်းထည်ပြုလုပ်ရာတွင်ထင်ရှားသည်။ ရှေးဦးစွာ အဖြူထည်(ခေါ်)အကြမ်းထည်ပြုလုပ်သည်။ သစ်စေးမသုတ်ရသေးသော ဝါးထည်(သို့မဟုတ်)သစ်သားထည်များကို အဝိုင်းပုံသဏ္ဌာန်၊ ထောင့်ချိုးပုံစံများပါသော အကြမ်းထည်ကို ပုံဖော်ရသည်။

အကြမ်းထည်ပြုလုပ်ရာတွင် နီးပြားဖြင့် ပြုလုပ်ရသည်။နီးပြား ပြုလုပ်ရာတွင် ဝါးဖြတ်ခြင်း၊ ဝါးစိပ်ခြင်း၊ နီးလောင်းခေါင်းဖြတ်ခြင်း၊ အဆစ်ပယ်ခြင်း၊ နီးလောင်းသပ်ခြင်း၊ ခေါင်းထိုးခြင်း၊ နီးဖြာခြင်းများ ပြုရသည်။

ပြီးသည်နှင့် အချောခံခြင်း၊ အရောင်ခံခြင်း၊ နေ့ညသစ်စေးသုတ်လိမ်းခြင်း၊ ရေခံလက်ခြင်း(ခေါ်)ရေဒဏ်၊ မိုးဒဏ်ခံရေရှည်သုံးစွဲနိုင်ခြင်း ပြုလုပ်ရ၏။ ထပ်မံ၍ အချောထည်လုပ်ငန်း အဆင့်ဆင့်ဖြစ်သော ရေကျင့်ခြင်း၊ သရိုးကိုင်ခြင်း၊ မြေတိုက်သွင်းခြင်း၊ အတွင်းခြစ်ခြင်း၊ ဖက်စားခြင်း၊ အရောင်တင်ခြင်း၊ မြေတိုက်သွင်းခြင်းဖြင့် အဆင့်ဆင့် ပြုလုပ်ရသည်။

ဆက်လက်၍ ပုံဖော်လိုသော ယွန်းပန်းချီအမျိုးမျိုးဖြင့် မွမ်းမံခြယ်မှုန့်ခြင်း၊ ဥပစ်ပန်းရေးခြင်း(ခေါ်)အနက်ထည်ပေါ်တွင် စုတ်(ခေါ်)ကိရိယာဖြင့် အရောင်သွင်းရသည်။ ရောင်ရှင်(ခေါ်)ရောင်စုံသွင်းခြင်း၊ ရောင်စုံဖယောင်းတောင့်သွင်းခြင်း၊ သဘော်ဆေးပန်း ပြုလုပ်ခြင်း၊ အရိပ်ပန်းပြုလုပ်ခြင်း၊ သရိုးခင်းခြင်း၊ မှန်စီရွှေချပြုလုပ်ခြင်းဖြင့် အဆင့်ဆင့်ပြုလုပ်မှသာ ဒေါင်းလန်းများ၊ အဆင့်မီသော ယွန်းပစ္စည်းများကို ရရှိနိုင်သည်။

ပန်းယွန်းပညာများအနက် ရွှေဝါယွန်းပန်းချီသည်လည်း ထင်ရှားသောအနုပညာတစ်ရပ် ဖြစ်ပါသည်။ အင်းဝခေတ်(အေဒီ ၁၆)တွင် စတင်ပေါ်ပေါက်လာခဲ့သည်။ ရွှေဝါ ယွန်းထည်များသည် တော်ဝင်သုံးပစ္စည်းများဖြစ်လာခဲ့သည်။ ရွှေဝါယွန်းပန်းချီ၏ အဓိကလက္ခဏာမှာ ယွန်းမျက်နှာပြင်ပေါ်တွင်ရေးဆွဲသော ပန်းချီအခြေခံကောက်ကြောင်း(သို့မဟုတ်)တစ်ကြောင်းဆွဲမျဉ်းရေးနည်းပင်ဖြစ်သည်။

အင်းဝခေတ်တွင် သရိုးပန်းကြွ ပညာရပ်ပေါ်ပေါက်ခဲ့သည်။ ယွန်းထည်ပစ္စည်းပေါ်တွင် ဖောင်းကြွဒီဇိုင်းများရရှိစေရန်အတွက် သရိုးကိုကပ်ပြီးပြုလုပ်ခဲ့ကြပါသည်။ သစ်စေးနှင့် ပြာမှုန့်ကို ရောထုပြီး ကျစ်ခံတွင်ကျစ်၍ရသော သရိုးကြိုးဖြင့် လက်လုပ် သရိုးပန်းခွေများ၊ လက်လုပ်သရိုးဖောင်းကြွအရုပ်များ၊ ကနတ်ပန်းများ၊ ကျောက်သင်ပုန်းတွင်ထွင်း၍ ပုံနှိပ်ထားသည့်တစ်ခြမ်းဖောင်း သရိုးရုပ်များဖြင့်ကပ်ကာ ပြုလုပ်ရခြင်းဖြစ်ပါသည်။

ထို့အပြင် မံယွန်းအနုပညာလည်းပေါ်ထွန်းခဲ့သည်။အင်္ဂလိပ်လက်ထက် ၁၉၂၄ ခုနှစ် မှတ်တမ်းတစ်ခုတွင် မြန်မာတို့၏ မံဘုရားဟုခေါ်သည့် ယွန်းကိုင်ဗုဒ္ဓဆင်းတုတော်များကို ရည်ဦးမြို့ အနောက်ဘက် ရှစ်မိုင်ခန့်ဝေးကွာရာတွင် အစုလိုက်တွေ့ရှိရကြောင်း၊ မဲအိုး၊ စည်သမြေ၊ မလွယ်နှင့်လိမ္မော်တော ရွာများတွင် ရှုံဖြင့်ပုံကြမ်းလောင်းကာ သစ်စေး၊ ကျွန်းသားလွှစာမှုန့်၊ ဖွဲပြာ၊ နှမ်းဆီများဖြင့် ပေါင်းစပ်ကာ မံဘုရားပြုလုပ်ကြသည်။

ရှမ်းပြည်နယ်သာမက ဇင်းမယ်အထိဘုရားများအား ရှေ့ဆိုင်းထမ်း၊ နောက်ဆိုင်းထမ်းဖြင့် ရောင်းချလေ့ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ ရှေးအကျဆုံးမံဘုရားတစ်ဆူကို ပုဂံ အာနန္ဒာဘုရားတွင် တွေ့ရှိရသည်။ ကျန်စစ်သားမင်းလက်ထက်က ထုလုပ်သည်ဟု ယူဆကြသည်။ John Lowry ဆိုသော အင်္ဂလိပ်လူမျိုး၏ အယူအဆအရ မံဘုရားကို ပုဂံခေတ်ကပင် ထုလုပ်ကိုးကွယ်နေကြကြောင်း သိရှိရပါသည်။

သက္ကရာဇ် ၅၃၆ ခုနှစ်တွင် နရပတိစည်သူမင်းကြီးသည် စကားရွက်သဏ္ဌာန် သင်္ကန်းနက်သားရွက်တိုင်ကို ကိုးပိုင်းစီပိုင်းပြီး ရုပ်ပွားဆင်းတု ထုလုပ်ကိုးကွယ်ခဲ့ပါသည်။ ဘုရားကိုးဆူထုလုပ်ရာမှ ပုဲ့ကျလာသော အပိုင်းအစများကို မံဘုရားပြုလုပ်စေခဲ့သည်။

ထိုမံယွန်းဘုရားကို 'စူးစာဆောက်စာ' ဘုရားဟုခေါ်တွင်စေပြီး စစ်ကိုင်းတိုင်းဒေသကြီး အမြင့်မြို့တွင် ပူဇော်ထားရှိသည်။ 'စလေမံ၊ ပုဂံဘုရား၊ ပခန်းကျောင်း' ဟုအဆိုနှင့်အညီ မြန်မာနိုင်ငံတွင် အကြီးဆုံးသော 'ရှင်ပင်လာဘ မံဘုရား' ဟူသည့် ဆင်းတုတော်ကြီးသည် စလေမြို့တွင် အထင်အရှားတည်ရှိသည်။ အမြင့် ၁၈ ပေ၊ ဒူးတော်ပိုင်း ဇြက် ၁၄ပေဖြလက်မရှိပြီး ပုဂံခေတ် ၁၃ ရာစု လက်ရာဟု ခန့်မှန်းကြသည်။

ယွန်းအတတ်ပညာတွင်ပါသော ယွန်းပန်းချီရေးဆွဲခြင်းသည်လည်း တန်ဖိုးကြီးလှသည်။ ရှေးက ကညစ်ယွန်းပန်းချီတွင် အနီရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ အဝါရောင်၊ ရွှေရောင်တို့ကိုသာ အသုံးပြုရေးဆွဲပြီး ယခုအခါခေတ်မီသော အရောင်များသုံးစွဲလာကြပါသည်။ ခေတ်မီ ကညစ်ယွန်းပန်းချီကားသည် တန်ဖိုးကြီးသည်။ ယင်းပန်းချီကားများကို ရေးဆွဲနိုင်သော ပညာရှင်များလည်း အနည်းငယ်သာရှိတော့သည်။

ယွန်းပန်းချီကား၏ အားသာချက်မှာ ဟောင်းနွမ်းသွားသည်မရှိဘဲ ဖုန်တက်ပါက ရေဆေး၍ သန့်စင်နိုင်သည်။ ကြွမ်းတမ်းသော ပွတ်တိုက်ဆေးကြောမှုကို ရှောင်ကြဉ်ရပြီး ချေးချွတ်ဆေးများလည်း သုံးရန်မလိုပေ။

ယနေ့ခေတ် ယွန်းပန်းချီကားများ ရေးဆွဲရာတွင် သဘာဝအတိုင်း ရေးဆွဲခြင်းအပြင် ခေတ်ပြိုင်အနုပညာ (Comtem porary)များဖြင့် ရေးဆွဲလာကြသဖြင့် ကမ္ဘာ့အဆင့်အထိသို့ ရင်ပေါင်တန်းနိုင်သော လက်ရာကောင်းများဖြစ်လာသည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်များအထိ ထိုးဖောက်နိုင်သောကြောင့် ယွန်းအနုပညာများပေါ်ပေါက်လာစေရန် အားပေးလျက်ရှိပါသည်။ ကညစ်ယွန်းတွင် ယွန်းဆင်သူနှင့်ယွန်းခွဲသူမှာ အတိုင်အဖောက်ညီမှ လက်ရာကောင်းသည်။ ယွန်းခွဲမတတ်ပါက ယွန်းဆင်မှုပျက်သည်။

စာမျက်နှာ ၁၇ သို့ ➤

ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပ

လယ်ဝေး နိုဝင်ဘာ ၂

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း(Public Talk) ကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ကွမ်းခြံကျေးရွာ၊ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ခေါ်ဆောက်ကြွစန်းအောင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးမျိုးဝင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစောဝင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး (အဆင့်-၁) ဦးကျော်မိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကွမ်းခြံ၊ ပိတောက်ချောင်၊ လက်ပန်ခုန်၊ လေးကသိန်းကျေးရွာများမှ ဒေသခံပြည်သူများက မြစ်ကမ်းထိန်းနုံရံ၊ ကုန်ထုတ်လမ်း၊ ပင်းတားဆည်ပြုပြင်ရေး၊ စာသင်ကျောင်း ကျောင်းဆောင်သစ်၊ ကျေးရွာချင်းဆက်လမ်း စသည့် လိုအပ်ချက်များအား မေးမြန်းခဲ့ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

––*–*–*–*–*



ပန်းချီဆရာအင်ဂါဥူး၏ ဒုတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲပြုလုပ်

မန္တလေး နိုဝင်ဘာ ၂

မန္တလေးပန်းချီ၊ ပန်းပု ကျောင်းဆင်းဖြစ်သူ အုပ်စုပန်းချီပြပွဲများစွာပါဝင်ပြသခဲ့သူ ပန်းချီဆရာအင်ဂါဥူး၏ မယ်ခွေနှင့် သားအမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၃၃လမ်း၊ ဖဇုလမ်းနှင့် လမ်းဂုဟြားရှိ ပရိတ္တဝါအနုပညာပြခန်းတွင် ဖွင့်လှစ်ပြသမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် အင်ဂါဥူး၏ အရောင်ပြင်းပြင်းများကို အေးမြလတ်ဆတ်စွာဖြင့် လက်ရာများကို မြင်တွေ့ခံစားမည်ဖြစ်ပြီး ပြပွဲကာလမှာ နိုဝင်ဘာ ၃ ရက်မှ ၇ရက်ထိ ၅ ရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီခွဲမြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

(ခဲပုံ)(၀၇၀)



လူထုအသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြင့်မီးပိုများပေးအပ်ပွဲ ကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးဆောင်၍ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုအသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြင့်မီးပိုများ ပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲက တောင်တွင်းကြီးမြို့နယ် ကွမ်းခြံစုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရွေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ဦးစီးဌာနအနေဖြင့် ဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပလာစေရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်စေရန်နှင့် ဂေဟစနစ် မျှတကောင်းမွန်လာစေရန်၊ နှစ်အလိုက်ဆောင်ရွက်နေမှုလုပ်ငန်းများအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးလုပ်ငန်းများ၊ စူပါအယ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများအား ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူများအားတာဝန်ရှိသူများက စွမ်းအားမြင့်မီးပို စုစုပေါင်း ၂၁၆ လုံးအား ရွာလုံးကျွတ် အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(ခဲပုံ)

ဦးမျိုး(ဗိဿနိုးမြေ)

––*–*–*–*–*

––*–*–*–*–*



ဖတ်စရာ၊ မှတ်စရာ ခုံလင်း မြဝတီ

လူ့ဘဝ

* အူဝဲဆို ငိုမြည်တမ်း
လူစခန်း စ၍လာ၊
ငယ်ရွယ်ခါ ကလေးဘဝ
အေးမြချမ်းသာ။
တဖြည်းဖြည်းကြီး၍လာ
မျောပါကာ ကြုံဆုံကွဲ၊
ဖြစ်တည်ရာ စဉ်မမြဲ
ဒုက္ခချည်းပဲ။

* လူ့လောကီ ဘုံဌာန
နေကြရ ခဏတာ၊
"သစ္စာ"ကို စဉ်သတိ
ရှုကြည့်သင့်စွာ။
"ဒုက္ခ"တို့ ဖြစ်တည်ရာ
မီတွယ်လာ "သမုဒယ"၊
ငြိမ်းချမ်းရာ "နိရောဓ"
"မဂ္ဂ" ပွားကြ။

* ကြုံဆုံလာ ဒုက္ခဝဲ
ရှောင်လွှဲလို့ မရပါ၊
ကောင်းစွာနေ ကောင်းစွာပြော
စိတ်ကောင်းနှင့် ယှဉ်၍သာ
နေထိုင်ကာ မေတ္တာပွား၊
ဖြစ်ပေါ်လာ မကောင်းစိတ်
ကြိတ်မိုတ်ဖယ်ရှား။

ပန်းသစ္စာ(ပုသိမ်ကြီး)

သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွေတိုက်ကိုစိုး။



ဖောင်တော်ချက်မ စေတီတော်မြတ်ကြီးရှိ အရံစေတီတော်များအတွက် အလှူငွေပေးအပ်ပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့၊ ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၌ တည်ထားကိုးကွယ်မည့် အရံစေတီတော်များအတွက် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ လယ်ဝေးမြို့၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၊ ဦးစီးပဓာနနာယက ဆရာတော် အဘိဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဝင် ဦးထွန်းထွန်း၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် ဇည့်ပရိသတ်များက ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တာန့်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အရံစေတီတော်အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ တက်ရောက်လာကြသူများက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားအပြီးတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

မြို့နယ်(ပြန်/ဆက်)



ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

အုတ်တွင်း နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကြက်သွန်ခင်း(၂)ရပ်ကွက်၊ ဟောဓိကုန်းကျောင်းတိုက်တွင် တည်ထားလျက်ရှိသော ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငွက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါကျောင်းတိုက်အတွင်းရှိ ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာ စေတီတော်မြတ်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငွက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့က ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား သုံးကြိမ် လှည့်ပတ်ပူဇော်ကြသည်။ ထို့နောက် မင်္ဂလာရထားပုံဖြင့် တင်လှူဆက်ကပ်ပူဇော်၍ ဝိဇ္ဇာသိဒ္ဓိမဟာရွှေကံသာစေတီတော်မြတ်ကြီးအား အောင်ဂါထာတော်များဖြင့် ရင့်ကျူးပူဇော်ကာ အုတ်တွင်းမြို့နယ် ဘုန်းတော်ကြီးကျောင်း အသီးသီးမှ သံဃာတော်များက ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်တော်မူကြပြီး မင်္ဂလာသဘင်အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ပြီး မင်္ဂလာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးခဲ့သည်။

ရွှေထီးတော်တင်လှူပွဲ အုတ်တွင်းနယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဆန်းညွှန့်လှိုင်နှင့် တပ်ရင်း၊ တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော် အမှတ်(၁) ဒေါ်ခင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)ဦးဇော်မင်းသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြည်ညိုခဲ့ကြပြီး ဓနဖြူဝင်းဗိုလ်ဆိုင်းနှင့် နိုင်ငံကျော်တေးသံရှင် အဆိုတော် မောသက်ထားဆွေ၊ အဆိုတော် ဟိန်းတေဇတို့က ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o–o–o–o–o–o



မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ရန် စေတနာရှင်များမှ ငွေများလှူဒါန်း

မန္တလေး နိုဝင်ဘာ ၂

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ အမြင့် ၇၇၆ ပေတွင် တည်ရှိပြီး တောင်ကိုးလုံးခြံရံလျက်ရှိသော မန္တလေးတောင်တော်ကြီးကို သက္ကရာဇ် ၁၀၁ ခုနှစ်မှ စတင်၍ ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်များအား တည်ဆောက်လှူဒါန်းကိုးကွယ်ခဲ့ကြသည်။

ငလျင်ဒဏ်ကြောင့် ယျက်စီးယိုယွင်းသွားသော မန္တလေးတောင်တော်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သိမ်၊ တန်ဆောင်း၊ ပြာသာဒ်များအား ဂေါပကအဖွဲ့မှကြီးမှူး၍ ပြန်လည်ပြုပြင်လျက်ရှိရာ စေတနာရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

နိုဝင်ဘာ ၁ ရက် နံနက် ပိုင်းက ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်ခုံး တစ်ခုံး ပြုပြင်ရန် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်နေ ဦးရဲရင့်+ဒေါ်နန်းအေးအေးဦး မိသားစုက ငွေကျပ် ၁၂ သိန်း၊ ဆုတောင်းပြည့်ဘုရား အာရုံခံအဆောက်အအုံ မုခ်စီဆေးသွင်းပြုပြင်ရန် ဦးကျော်သီဟ+ဒေါ်ရန်လီဆင်း(ဝမ်းသာဖြန်မာကုမ္ပဏီ)မိသားစုက ငွေကျပ် သိန်း ၅၀ တို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန္တလေးတောင် တော်ဘက်စုံပြုပြင်ရန် လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၇၈၇၆ ၅၉၇၇၅၅၊ ၀၉-၄၄၁၀၃၈၈၈၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၅)**

ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)သို့ အလှူငွေများ လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၃လမ်းနှင့်၃၄ လမ်းကြားရှိ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၁ ရက်က မန္တလေးမြို့နေ ဦးခင်မောင်ဖေ+ဒေါ်တင်တင်နွဲ့ မင်္ဂလာနှစ်(၆၀) ပြည့် အထိမ်းအမှတ်အလှူအဖြစ် ရွှေလမင်းစက်မှုလက်မှုလုပ်ငန်း မိသားစု မျက်စိလူနာ ၃၀ ဦးစာအတွက် ငွေကျပ် သိန်း ၆၀၊ ဦးကျော်ငြိမ်းနှင့်အဖွဲ့က ငွေကျပ် သိန်း ၅၀၊ ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးယန်တာရန့်၊ ဒေါ်ငွေရီ၊ ဦးမောင်စိန်အောင်၊ ဒေါ်သာမဖြူတို့အား ရည်စူး၍ မန္တလေး၊ မြို့သစ်နေ ဦးအေးဝင်း၊ ဒေါ်ခင်အေးမူ မိသားစုမှ ကျန်းမာရေးဆေးပဒေသာပင် ငွေကျပ် သိန်း ၁၀၀၊ မန္တလေး၊ မြို့သစ်နေ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးမြင့်စိုး၊ ဒေါ်ခင်ဌေးဝင်းမိသားစုက ကျန်းမာရေးဆေးပဒေသာပင် ငွေကျပ် ငါးသိန်းတို့အား အသီးသီးလှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာငြိမ်းငြိမ်း၊ အသင်းအလုပ်အမှုဆောင် ဦးအောင်ဝင်း၊ ဦးမြိုင်တို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ကျော်မင်းသော်



နဂါးကျစ်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား အာဟာရဒါနကျွေးမွေးလှူဒါန်း

ညောင်ဦး နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် အမှတ်(၇)၊ ဝက်ကြီးအင်းရပ် နဂါးကျစ်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားတို့ကို အာဟာရဒါနလှူဒါန်းကျွေးမွေးခြင်းကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက အာဟာရဒါနကျွေးမွေးခဲ့သည်။

ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာဟိန်း ဦးဆောင်သော ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် နဂါးကျစ်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားတို့အား ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း၊ ဆေးဝါးဒါနလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး နဂါးကျစ်ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၃၁ ဦးတို့အတွက် နေ့ခင်းစာ အာဟာရဒါနအဖြစ် ထမင်း၊ ကြက်သား၊ ငါးနှင့် ကြက်ဥကြော်တို့ကို ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၄၈၁)



အင်ကြင်းကုန်းကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုးကောင်း နိုဝင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် အင်ကြင်းကုန်းကျေးရွာ ကျေးရွာတွင်း လမ်းပေါ်တွင် ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ VDP စီမံကိန်းတာဝန်ခံများနှင့် အတူ အင်ကြင်းကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းပေါ်တွင် ကွန်ကရစ်ရေပြွန် သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံ၍ ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ အင်ကြင်းကုန်းကျေးရွာတွင် VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅သန်း၊ ကျေးရွာထည့်ဝင်ငွေကျပ် ၃ သိန်း၊ စုစုပေါင်းငွေကျပ် ၁၈ သိန်း ဖြင့် အကျယ် ၁ ပေခွဲ၊ အရှည် ၂၄ ပေရှိ ရေပြွန်သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **(ဝဲပုံ) ချစ်ဦးကို**



အယ်လ်နီညိုပြစ်ခဲဥကြောင့် သောက်သုံးရေပြတ်လပ်မှုပရိုဝေရေး ရေရှောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရပ်ကွက်နေပြည်သူများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် နိုဝင်ဘာ ၁ ရက်က ရေရှောင်းခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွှန့် ဦးဆောင်၍ ဝန်ထမ်းများက အယ်လ်နီညိုကြောင့် ရေအရင်းအမြစ်များ ကျဆင်းခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့်အတွက် မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် မြို့ရေပေးဝေရေး ရေစက်ရုံရှိ ရေစုကန်နှင့် အမြင့်တင်ရေစင် (ရေလှောင်ကန်)များ အတွင်း သောက်သုံးရေစုဆောင်းဖြည့်တင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အယ်လ်နီညိုကာလတွင် ရပ်ကွက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာဖြန့်ဝေပေးနိုင်ရန်နှင့် ရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ဒေသတွင်းရှိ သောက်သုံးရေရယူနိုင်သော ရေအရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ မြို့ရေပေးဝေရေး ဆောင်ရွက်လျက်ရှိသော ရေစုကန်၊ စင်မြင့်ရေစင်များနှင့် ရေလှောင်ကန်များ၌ ရေစုဆောင်းခြင်းအပြင် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံရေးလုပ်ငန်းများကိုလည်း ကြိုတင်စီမံဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

--*-*-*

အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်းသင်တန်းဖွင့်လှစ်

ပျော်ဘွယ် နိုဝင်ဘာ ၂

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်ကို အခြေခံမှစတင်၍ နားလည်နိုင်စေရန်အတွက် အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်း သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အင်္ဂလိပ်စာရေးသားရာ၌ အမှားအယွင်းကင်းစေရေး၊ ဘာသာစကားစွမ်းရည်တိုးတက်လာစေရေး၊ ပညာရေးတွင် အထောက်အကူဖြစ်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းနည်းပြက သင်တန်းတွင် ပို့ချမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။**(ယာပုံ)**

ထို့နောက် အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်းသင်တန်းကို ဆက်လက်ပို့ချခဲ့ပြီး သင်တန်းသို့ အခြေခံပညာအလယ်တန်းအဆင့် ရှိ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အောင်ပိုင်ဟိန်း



➤ **ထိန်းသိမ်းစောင့်ရှောက်ရမည့် ပန်းယွန်းပညာ ဆောင်းပါး စာမျက်နှာ(၁၄)မှ အဆက်**

ယွန်းခွဲခြင်း၊ ယွန်းကောက်ကြောင်းဟန်ကို ပထမရေးထိုးခြင်းကို ယွန်းဆင်သည်ဟုခေါ်ပြီး ယွန်းဆင်ပြီးသော ကောက်ကြောင်းများကြားတွင် အနုစိတ်ရေးထိုးခြင်းကို ယွန်းခွဲသည်ဟုခေါ်သည်။ ရိုးရာရွှေဇဝါပညာရှင်များသည် ဗုဒ္ဓဝင်နှင့် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကိုလည်း ရေးဆွဲကြသည်။

သက္ကရာဇ် ၁၂၉၇ခုနှစ်၊ ဇလွန်မြို့၊ မာရ်အောင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး ကိန်းဝပ်ရာ တန်ဆောင်းကြီး၏ အရှေ့ဘက်နံရံတွင် ရိုးရာရွှေဇဝါယွန်းပန်းချီဖြင့် အလျား ပေ ၁၀၀၊ အနံ ၈ ပေအရွယ် ပန်းချီကားကြီးကို ရေးဆွဲထားပါသည်။ ရွှေဇဝါပညာရှင်မှာ ဇလွန်မြို့၊ ကမ်းနားရပ်ကွက်မှ ဇလွန်သား ဆရာဝင်းနှင့် ဆရာဖိန့်တို့ ဖြစ်ကြသည်။

ထိုလက်ရာကို ၁၉၃၆ခုနှစ်တွင် ရန်ကုန်မြို့ ဆရာဦးသောင်းထွန်း ပန်းယွန်းပန်းချီအဖွဲ့မှ ရှေးမူမပျက် ပြန်လည်ပြုပြင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သယံဇာတကုန်ကြမ်းများ ပေါကြွယ်ဝမှုကို အခြေခံအသုံးချပြီး ပြောင်းလဲလာသော ခေတ်ရေစီးကြောင်းနှင့်အတူ ယနေ့ပန်းယွန်းပညာသည် တိုးတက်ရန် လိုအပ်နေပါသည်။ ယွန်းပညာတိုးတက်ရန် ယွန်းပညာသင်ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။

ယွန်းအတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန် ရည်ရွယ်၍ ၁၉၂၄ခုနှစ်က ပုဂံမြို့တွင် အစိုးရယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းကို ဖွင့်လှစ်ခဲ့ပါသည်။

ကျောင်းအိပ်ကျောင်းစားမထားဘဲ စာရေး၊ စာဖတ်သော ၁၂ နှစ်အရွယ်မှစတင်ပြီး လက်ခံသင်ကြားပေးခဲ့ပါသည်။ လက်သမားပညာကို သင်ကြားပေးသော လက်သမားဆရာ၊ ပန်းပွတ်ပညာကို သင်ကြားပေးသော ပန်းပွတ်ဆရာ၊ သစ်စေးသုတ်ပညာကို သင်ကြားပေးသော တိုက်ဆရာ၊ ပန်းချီပညာကို သင်ကြားပေးသော ပန်းချီဆရာ၊ ယွန်းထိုးပညာကို သင်ကြားပေးသော ယွန်းထိုးဆရာဟူ၍ ရှိခဲ့ပါသည်။

ထိုနှစ်မှသည် နှစ်ပေါင်း ၆၀ ကျော်ကာလသို့ ရောက်ရှိသော ၁၉၈၄ ခုနှစ်တွင် ဘာသာရပ်များကို တိုးချဲ့ပြီး ဝါးအဖြူထည်ဘာသာရပ်၊ သစ်သားအဖြူထည်ဘာသာရပ်၊ အနက်ထည်ဘာသာရပ်၊ ကညစ်ယွန်းနှင့် ရွှေဇဝါပန်းချီဘာသာ၊ သရိုးပန်းကြဘာသာ၊ ခေတ်မီပန်းချီ၊ ပန်းပုဘာသာတို့အား သင်ကြားပေးလျက်ရှိပါသည်။

၂၀၀၂ခုနှစ်၊ အောက်တိုဘာ ၈ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံပညာရေး ကော်မတီအစည်းအဝေးအမှတ်စဉ်(၃/၂၀၀၂)တွင် ဆုံးဖြတ်ချက်အရ မြန်မာ့ယွန်းသိပ္ပံကို ယွန်းပညာကောလိပ် (Lacquerware Technology College) အဆင့်မြှင့်ပြောင်းလဲခဲ့သည်။

ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းနှင့် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းဟူ၍ သင်ကြားပေးပါသည်။ တစ်နှစ်သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အသက် ၃၅ နှစ်မကျော်သူများကို လက်ခံသင်ကြားပေးသည်။

နှစ်နှစ်သင်တန်းအတွက် အခြေခံအထက်တန်းအောင်မြင်ပြီး အသက် ၂၅ နှစ်အထက် မကျော်သူများကို လက်ခံသင်ကြားပေးသည်။ တစ်နှစ်သင်တန်းအတွက် အခြေခံထည်ဝါး၊ သစ်၊ အနက်ထည်၊ ကညစ်ယွန်း၊ သရိုးပန်းကြွယွန်း၊ ရွှေဇဝါယွန်း၊ နိုင်ငံတကာယွန်း၊ ပန်းချီပညာ၊ ပန်းပုပညာကို သင်ကြားရသည်။ ယွန်းအထောက်အကူဘာသာရပ်ပါ သင်ကြားသည်။

ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ၊ Aspects of Myanmar၊ ပထဝီ၊ စီးပွားရေး၊ စာရင်းအင်း၊ စာရင်းကိုင်ဘာသာရပ်တို့ ဖြစ်သည်။

၂၀၀၃-၂၀၀၄ခုနှစ်မှ ယနေ့ဆိုလျှင် ၂၃ နှစ်တိုင် ယွန်းပညာရှင်များအား မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ယွန်းပညာ အသိပညာပြန့်ပွားရေးအတွက် ပြည်တွင်း၊ ပြည်ပ ယွန်းပညာ နီးနော်ဖလှယ်ပွဲများ၊ အလှပံရဲ့ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းဖြင့် ယွန်းပညာ (ပန်းယွန်း)ပညာတိုးတက်မှုမှာ အားရဖွယ်ကောင်းလှပါသည်။

ထို့အပြင် ၁၉၉၁ ခုနှစ် ပုဂံမြို့ ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်း (ယွန်းပညာကောလိပ်)တွင်လည်း ပညာရှင်များမှ တက်ရောက်ဆွေးနွေးကြသည်။ ပုဂံမြို့ဟောင်း ယွန်းပညာကောလိပ်တွင် ၂၀၀၂ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ မြန်မာ့ယွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အချုပ်ဆိုရသော် မြန်မာ့ပန်းယွန်းထည်များ ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာစွာ ရပ်တည်ရန်၊ ရိုးရာအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များထံ အားပေးမြှင့်တင်ပေးရန် လိုပါသည်။

ကိုးကား – ဦးသောင်းထွန်း၏ ရိုးရာထိန်းလျက် ဆန်းသစ်တီထွင် ယွန်းရွှေစင်

မင်းလပြည့် (ဟားခါး)



အငယ်တန်းဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ်(၁/၂၀၂၆-၂၀၂၇) ဖွင့်လှစ်

တောင်ကြီး နိဝင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်ရှိ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမ၌ နိဝင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲက အငယ်တန်းဝန်ထမ်းများ ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်း အမှတ်စဉ်(၁/၂၀၂၆-၂၀၂၇)ကို ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် "မြန်မာ့စီးပွားရေးဘဏ်ဟာ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့အစိုးရဌာန၊ အဖွဲ့အစည်းများကို ငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိပြီး နိုင်ငံပိုင်ဘဏ်တစ်ခုအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ ဒါကြောင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းတွေဟာ မိမိတို့၏တာဝန်ဝတ္တရားများကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့၊ ဝန်ထမ်းတွေရဲ့ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားဖို့ အထူးလိုအပ်ပါကြောင်း၊ အငယ်တန်းဝန်ထမ်းတွေဆိုတာ လုပ်ငန်းခွင်မှာ ပြည်သူတွေ၊ အခြားဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ အမြဲထိတွေ့ဆောင်ရွက်နေရတဲ့ ဝန်ထမ်းတွေဖြစ်သည့်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများကို သိရှိနားလည်စေရန်၊ အသိပညာဗဟုသုတတွေ တိုးတက်လာစေရန်နဲ့ လုပ်ရည်ကိုင်ရည်ပြည့်ဝစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း" ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်၊ ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ဘဏ်လုပ်ငန်းဟာ ပြည်သူများနဲ့ ထိတွေ့ဆက်ဆံရတဲ့လုပ်ငန်းဖြစ်တဲ့အတွက် ဘဏ်နှင့်ဆက်သွယ်သူ (Customer)တွေရဲ့ ယုံကြည်မှုပိုမိုရရှိအောင် လုပ်ငန်းခွင်အတွင်း အမှားအယွင်းကင်းစွာ ဆောင်ရွက်တတ်စေဖို့ ဘဏ်လုပ်ငန်းတွေကို စနစ်တကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်တတ်စေဖို့နဲ့ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေဖို့ ရည်ရွယ်ပြီး ဒီသင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်ပြီး သင်တန်းတွင် စီမံခန့်ခွဲရေး၊ စာရင်း၊ ငွေစုဘဏ်လုပ်ငန်း၊ ဖွံ့ဖြိုးရေးချေးငွေ၊ ဘဏ်တွင်းစာရင်းစစ်၊ ဘဏ်လုပ်ငန်း၊ ငွေကြေးနှင့် ICT စသည့် ဘာသာရပ်များကို နိဝင်ဘာ ၂ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၆၈)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်တွင်းကြီး နိဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ ပြည်ထဲရေးဝန်ကြီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆို၇ဏ်ပြုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက်ပိုင်းက တောင်တွင်းကြီးမြို့နယ် မောင်းတိုင်(၂)ရပ်ကွက်ရှိ ၄ က်ပစ်တောင် ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်မှုဦးကျော်ဇင်ဦးနှင့် ဝန်ထမ်းများက ပြည်ထဲရေးဝန်ကြီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆို၇ဏ်ပြုသောအားဖြင့် စုစုပေါင်း ဝန်ထမ်းအင်အား ၁၅၀ ဦးက ၄ က်ပစ်တောင်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များ၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ စနစ်တကျ ကောက်ယူ စွန့်ပစ်ခြင်းလုပ်ငန်းများကို စုပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ဦးမျိုး(ဝိဿနိုးမြေ)

တဲကြီးကုန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှုစစ်ဆေး

တောင်တွင်းကြီး နိဝင်ဘာ ၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် တဲကြီးကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မိုးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တဲကြီးကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို ကွန်ကရစ်လမ်းအား အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားခဲ့သည်။

တောင်တွင်းကြီးမြို့နယ်၊ တဲကြီးကုန်းကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေကျပ် သိန်း ၆၀၊ စုစုပေါင်းငွေကျပ် သိန်း ၂၁၀ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် တဲကြီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်၊ လူဦးရေ ၄၇၁ ဦးတို့၏ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)

နွဲ့.ယဉ်



အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ရမည်းသင်း နိဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာပြီး ပြည်သူများအနေဖြင့် အပူဒဏ်ကို သတိပြုကာကွယ်နိုင်ရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီက ရွာတန်းလမ်းဆုံတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါလက်ကမ်းစာစောင် ဖြန့်ဝေရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ရွာတန်းလမ်းဆုံတစ်လျှောက်နှင့် ဆေးရုံကွက်သစ်ရှိ လူနေအိမ်များသို့ သွားရောက် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်တွင် ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကြောင့် အယ်လ်နီညိုဖြစ်စဉ် ပေါ်ပေါက်လာမှု အခြေအနေများ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများ၊ အပူဒဏ်ကြောင့် ရောဂါဝေဒနာခံစားရသည့် လက္ခဏာများ၊ ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည့်သူများ စသည့် အကြောင်းအရာများ ပါဝင်သည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ၁၅၀ ကို ပြည်သူများထံ ဖြန့်ဝေပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်များကို သတိပြုလိုက်နာစေရေး၊ သတင်းတု၊ သတင်းမှားများကိုလည်း သတိပြုနိုင်ရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အေးနိုင်(ဖြန်/ဆက်)



ပလက်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။။

မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

စလင်း နိုဝင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရန်၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရုံးပင်ကန်ကျေးရွာအုပ်စု၊ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစိမ်ကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စိမ်ကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများအား စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။**(အောက်ဝဲပုံ)**



အဆိုပါ မင်းကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးမွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား ၈၃ ဦးအား ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စိမ်ကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောသည်။

သန်းသန်းစိုး

လူမှုရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၂၆ ကျင်းပ

လားရှိုး နိုဝင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် အယ်လ်နီညှိဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူမှုရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁/၂၀၂၆ ကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကား ပြောကြားပြီး မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ ခရိုင်မိုးလေဝသရုံးမှ ဦးစီးအရာရှိ ဦးနော်ဆန့်က လူမှုရေးကဏ္ဍနှင့် သက်ဆိုင်သည့် မိုးလေဝသအခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။**(ဝဲပုံ)**



ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အယ်လ်နီညှိဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

စမ်းသီတာ(၅)မိုင်ကျေးရွာ၌ အယ်လ်နီညှိရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မိုင်းတုံ နိုဝင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညှိရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုမရှိစေရေးနှင့် အယ်လ်နီညှိရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စမ်းသီတာ(၅)မိုင် ကျေးရွာ၌ ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ စမ်းသီတာ(၅)မိုင် ကျေးရွာ၏ လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် စမ်းသီတာ(၅)မိုင်ကျေးရွာရှိ ရေရှည်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆု၍ အယ်လ်နီညှိရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှား ခြင်းများဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်၊ အယ်လ်နီညှိအပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန် အချက်များအား အသိပညာပေးဟောပြောပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အသိပညာပေးခြင်းနှင့် အယ်လ်နီညှိရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်

o–o–o–o–o



အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

မိုင်းယောင်း နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် အလွန်အရေးပါကြောင်း၊ သင်တန်းသားများ အနေဖြင့် သင်တန်းမှပို့ချသော လေ့ကျင့်ရေးနည်းပညာရပ်များကို မိမိဒေသအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများတွင် စနစ်တကျ ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း အမှာစကားပြောကြားသည်။ **(အပေါ်ယာဝဲပုံ)**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်သည်။



အဆိုပါ သင်တန်းသို့ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိဖြစ်ကြောင်း သိရသည်။ **(၅၀၅)**

အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

မြို့သစ် နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အယ်လ်နီညှိရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအချက်များ၊ အပူဒဏ်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို ပြည်သူများ သိရှိနိုင်ရန်အတွက် အယ်လ်နီညှိရာသီဥတု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား ယမန်နေ့ နံနက်ပိုင်းက ဌာနဆိုင်ရာများပူးပေါင်း၍ ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့သည်။



ထိုသို့ အယ်လ်နီညှိကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့သစ်-နတ်မောက် လမ်းရှိ ခရီးသွားပြည်သူများ၊ ကွက်သစ်ရပ်ကွက်၊ နွားပွဲစျေးသို့ လာရောက်ကြသည့် ဒေသခံပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

